# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြားများစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ စနေနေ့။ Saturday, 16 September 2023 ၁၁၂၂၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးနှင့် ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီးစီးခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ 20th AACC သို့တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်လေတပ်မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**




ကြေးမုံ

# ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရန် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေခွင့်ရရှိရေး၊ အခြေခံပညာကို အခမဲ့သင်ယူခွင့်ရရှိရေး၊ အခြေခံပညာမူလတန်း၊ အလယ်တန်းမပြီးဆုံးမီ ကျောင်းထွက်မှုများနည်းပါးစေရေးအတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်များ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

အခြေခံပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများအားလုံး အလယ်တန်းအဆင့်(Grade -9) အဆင့် သင်ယူပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိရေးအတွက် ၂၀၂၃-၂၀၂၄ ယခုပညာသင်နှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတို့တွင် အဆိုပါ ဘာသာရပ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယခုအခါ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများကို တိုးတက်ရယူနေကြပြီဖြစ်၍ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် ၃၄ ခရိုင်၌ ၃၄ ကျောင်း ထပ်မံဖွင့်လှစ်ပေးမည်ဟု သိရသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးမည်ဖြစ်၍ အဆိုပါအထက်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းပညာအဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများရရှိပြီး ပညာသင်ယူမှုပြီးမြောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူစွာရရှိလာမည်ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် အခြေခံပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူအများစု၏ မိသားစုများအနေဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသူများဖြစ်ရာ ပညာသင်ယူမှုကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်မသွားစေရန်အတွက် ဤအသက်မွေးဝမ်းကျောင်းပညာရပ်များက အထောက်အကူပြုမည်ဖြစ်သည်။

ထို့ကြောင့် အခြေခံပညာအလယ်တန်းအဆင့်ရောက်အောင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများအနေဖြင့် အနာဂတ်တွင် ဆက်လက်ဆည်းပူးရမည့် အခွင့်အလမ်းများကို သိရှိထားရန်လိုအပ်သည်။ အထက်တန်းအဆင့်ကို ပြီးမြောက်အောင်သင်ယူမည်လား၊ စက်မှုနည်းပညာကို သင်ယူမည်လား၊ စိုက်ပျိုးရေးအတတ်ပညာကို သင်ယူမည်လား၊ မွေးမြူရေးအတတ်ပညာကို သင်ယူမည်လား၊ ပညာသင်ကြားမှုကို ရပ်တန့်လိုက်မည်လား နည်းလမ်းငါးသွယ်တွင် နောက်ဆုံးနည်းလမ်းကိုရှောင်ရှား၍ နည်းလမ်းလေးမျိုးအနက် မိမိတို့နှစ်သက်ရာ၊ စိတ်သန်ရာ၊ ဝါသနာပါရာ နည်းလမ်းတစ်မျိုးမျိုးကို မဖြစ်မနေ ရွေးချယ်သင့်သည်။

ငွေကြေးတတ်နိုင်သူများအနေဖြင့် ပထမနည်းလမ်းကို ရွေးချယ်၍ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ပြီး ငွေကြေးမတတ်နိုင်သူ၊ စီးပွားရေးလုပ်ကိုင်လိုသူ၊ ဝါသနာပါသူများအနေဖြင့် ကျန်နည်းလမ်းသုံးမျိုးကို ရွေးချယ်သင့်သည်။ ငယ်စဉ်အခါ ပညာသင်ကြားကြပြီး ဤသို့ဖန်တီးဖော်ဆောင်ပေးထားသောပညာ ဆက်လက်သင်ယူနိုင်မည့် အခွင့်အလမ်းတစ်မျိုးမျိုးကို ရွေးချယ်သင်ကြားကြခြင်းဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်နှင့် နိုင်ငံတော်၏အနာဂတ် တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် သင်ကြားဆည်းပူးကြခြင်းဖြင့် မိမိတို့၏ဘဝများလည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ ဤအစီအစဉ်မပေါ်ပေါက်မီက အခြေခံပညာကို ပြီးဆုံးအောင်မသင်ကြားနိုင်ဘဲ ကြုံရာကျရာဘဝများဖြင့် သင့်သလိုဖြတ်သန်းနေကြသော လူငယ်လူရွယ်များ အမြောက်အမြားရှိသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် အဆောက်အဦနည်းပညာ၊ လျှပ်စစ်နည်းပညာနှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာဘာသာရပ်များကို စာတွေ့၊ လက်တွေ့၊ လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပေးမည်ဖြစ်ပြီး ရိုးရိုးအောင်မြင်သူများအနေဖြင့် သင်တန်းအောင်လက်မှတ်ဖြင့် လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်မည်ဖြစ်သည်။ အဆင့်မီအောင်မြင်သူများအနေဖြင့် စက်မှုသိပ္ပံ/ကောလိပ်များသို့ ဆက်လက်တက်ရောက်၍ ဒီပလိုမာရယူနိုင်ပြီး အထူးအောင်မြင်သူများအနေဖြင့် စက်မှုတက္ကသိုလ်များသို့တက်ရောက်၍ အင်ဂျင်နီယာဘွဲ့များရရှိကာ ဘဝအဆင့်မြှင့်တင် တက်လှမ်းနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များတွင်လည်း အလားတူအဆင့်မြှင့်တင် တက်လှမ်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေဘဲ မိမိတို့ဘဝအခြေအနေအလိုက် သင့်လျော်ကောင်းမွန်ရာ အသက်မွေးဝမ်းကျောင်းပညာများကို စဉ်ဆက်မပြတ် သင်ကြားတတ်မြောက်စေရန်အတွက် ဖော်ဆောင်ပေးထားသော ပညာရေးအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်၍ မိမိတို့ဘဝ၊ နိုင်ငံတော်၏အနာဂတ် တိုးတက်တောက်ပြောင်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

**ကွတ်ခိုင် စက်တင်ဘာ ၁၅**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။



ထိုသို့သွေးလှူဒါန်းရာတွင် ကွတ်ခိုင်ခရိုင်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၃၀ တို့က ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြရာ သွေးလှူဒါန်းနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှိုင်မင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းဦး၊ အမှတ်(၅၉) မူးယစ်တပ်ဖွဲ့စု ကွတ်ခိုင်တပ်ဖွဲ့စုမှူး ရဲမှူးမြင့်နိုင်ဦး၊ ကွတ်ခိုင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြို့ဆွေနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကွတ်ခိုင်ခရိုင်ရဲတပ်ဖွဲ့က ကွတ်ခိုင်မြို့နယ်ဆေးရုံသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်တွင် ခန္တီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဇော်ထိုက် ဦးစီးတပ်ဖွဲ့ဝင် ၄၆ ဦးတို့က ခန္တီးမြို့ ဇီးဖြူကုန်း တွဲဖက်အလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

အေးခိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၉ -၂၀၂၃


| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၈,၉၀၀ | ၂,၉၂၆ | ၂၆,၁၁၄,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၀၀ | ၅,၀၄၅ | ၁၅,၆၃၀,၁၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၃၉ | ၂၉၂,၅၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၅၀၇ | ၂,၅၄၈,၁၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၁,၀၉၂ | ၂,၅၆၆,၂၀၀ |
| EFR | ၂,၃၀၀ | ၂,၂၀၀ | ၄၆၀ | ၁,၀၁၃,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁,၈၄၀ | ၉,၀၁၆,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၉,၆၆၈ | ၁၇,၃၇၄,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ကြေးမုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာ့တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(HLC)နှင့် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး(RBC)ကို နှစ်စဉ်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ချစ်ကြည်ရေးခရီးစဉ်များ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



# အကြိမ်(၂၀)မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (20th AACC)သို့ တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များ ပြန်လည်ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များအစည်းအဝေး(20th AACC) သို့ တက်ရောက်ခဲ့သောနိုင်ငံများအနက် လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brig. Gen. Khamlek Sengphachanh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗီယက်နမ်နိုင်ငံ လေတပ်ဦးစီးချုပ် Lt. Gen. Nguyen Van Hien ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Brig. Gen.(U)Dato Seri Pahlawan Mohammad Sharif Bin Dato Paduka Haji Ibrahim ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘောဒီးယားနိုင်ငံ လေတပ်ဦးစီးချုပ် Gen. Soeung Samnang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း နေပြည်တော်လေဆိပ်မှ သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်ထွက်ခွာခဲ့ရာ တပ်မတော်(လေ)မှ အရာရှိကြီးများက နေပြည်တော်လေဆိပ်တွင် လိုက်လံပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အရှေ့ဖျားစီးပွားရေးဖိုရမ်(8th Eastern Economic Forum)သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့ စတော့ခ်မြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် အဌမအကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ် (8th Eastern Economic Forum) တက်ရောက် ခဲ့ပြီး ယနေ့တွင် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြ သည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပ ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများ အကြား ဆက်သွယ်မှုထူထောင်ရန် နှင့် မြှင့်တင်ရန်၊ ရုရှားအရှေ့ဖျား ဒေသ၏ စီးပွားရေးအလားအလာ များ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း များနှင့် အထူးစီးပွားရေးဇုန်များရှိ စီးပွားရေး အခြေအနေများကို သုံးသပ်ဆွေးနွေးရန် ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အရှေ့ဖျားစီးပွားရေး ဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အတူ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စု ဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ အထွေထွေအတွင်း ရေးမှူးချုပ်နှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့် အရာထမ်းများ တက် ရောက်ခဲ့ကြသည်။

**တက်ရောက်ဆွေးနွေး**

ဖိုရမ်တက်ရောက်စဉ်ကာလ အတွင်း ဒုတိယဝန်ကြီးချုပ်အနေ ဖြင့် စက်တင်ဘာ ၁၁ ရက်တွင် The Logistics of Change အစီ အစဉ်တွင်ပါရှိသည့် New Logistics in the Far East: The "White Swan" of the Russian Economy ခေါင်းစဉ်၊ မွန်းလွဲပိုင်း တွင် 'Eurasian Agroexpress': New Opportunities for Trade in the Asia–Pacific Region ခေါင်းစဉ်၊ စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် Rail Logistics in a New Age: Realities, Challenges, and Opportunities ခေါင်းစဉ်တို့ကို Panelist အနေ ဖြင့် တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့အတူ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က Russia–ASEAN Business Dialogue ခေါင်းစဉ်၊ မွန်းလွဲပိုင်း တွင် International Cooperation in a Changed World အစီအစဉ် တွင် ပါရှိသည့် SCO and EAEU Climate Agenda: Moving Towards Common Goals ခေါင်းစဉ်နှင့် Greater Eurasia: Drivers for the Formation of an Alternative International Monetary and Financial System ခေါင်းစဉ်တို့ကို Panelist များအနေဖြင့် တက်ရောက် ဆွေးနွေးခဲ့သည်။




အလားတူ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် စက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး က Program of the International Scientific and Practical Conference အစီအစဉ်တွင် ပါရှိ သည့် Colonialism in the East and Its Impact on Modern World ခေါင်းစဉ်၊ စက်တင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကThe Far East over the Past Decade: What has been a Success and What Remains to be Done? အစီအစဉ်တွင်ပါရှိသည့် Inbound Tourism: Challenges and Opportunities in a New Reality ခေါင်းစဉ်တို့ကို Panelist များ အနေဖြင့် တက်ရောက်ဆွေးနွေးခဲ့ သည်။



ဖိုရမ်တက်ရောက်စဉ်ကာလ အတွင်း မြန်မာကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရုရှားသမ္မတ၏ အကြံပေး၊ ရုရှားရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ မစ္စတာ အန်တွန် ကိုဗျာကော့ဗ် (Mr. Anton Kobyakov) ခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့်တွေ့ဆုံ၍ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ များနှင့် ရှေ့ဆက်လက်ဆောင်ရွက် မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ သည်။

**အပြန်အလှန်ဆွေးနွေး**

စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်း တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မာ့ခ်ဆင် ရီရှတ်နီကိုဗ် (Mr. Maxim Reshetnikov) ခေါင်းဆောင်သော အဖွဲ့နှင့် တွေ့ဆုံ၍ စတုတ္ထအကြိမ် ရုရှား- မြန်မာအစိုးရအချင်းချင်း ကုန်သွယ် ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကော်မရှင်အစည်း အဝေးကျင်းပရေး၊ မြန်မာ–ရုရှား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေ အနေများ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက် မှုအခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ သည်။

**ရထားလမ်းတည်ဆောက်ရေး**

ဆက်လက်၍ JSC Russian Railways မှ First Deputy CEO Mr. Sergey Pavlov ခေါင်းဆောင် သည့်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ရထားလမ်း တည်ဆောက်ရေး ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ စက်ခေါင်းနှင့် လူစီးတွဲစက်ရုံများ တွင် စီမံကိန်းလုပ်ငန်းအသစ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရုရှား နိုင်ငံ တက္ကသိုလ်များအနေဖြင့် ရထားပညာတော်သင်များ ဆောင် ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းများအတွက် နည်း ပညာနှင့် ငွေကြေးအထောက်အပံ့ များ ရရှိနိုင်ရေးနှင့် ကုန်းတွင်းဆိပ် များ တည်ဆောက်ရေးလုပ်ငန်း များတွင် လာရောက်ရင်းနှီး မြှုပ်နှံရေးကိစ္စရပ်များကို ဆွေးနွေး ခဲ့ကြသည်။

**စီးပွားရေးပူးပေါင်းဆောင်ရွက်မှု**

မွန်းလွဲပိုင်းတွင် ရုရှား–အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ဗီတိုရိုဗစ်ရှ် ပိုလီရာကော့ဗ် (Mr. Ivan Viktorovich Polyakov) ခေါင်းဆောင်သော အဖွဲ့နှင့် တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံ နိုင်ငံများအကြား ဆောင်ရွက် လျက်ရှိသည့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများ၊ ရုရှားနှင့် မြန်မာ နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များအား ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ သည် စက်တင်ဘာ ၁၂ ရက် ညနေပိုင်း အဌမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မ အခမ်းအနားဖြစ်သည့် မျက်နှာ စုံညီအစည်းအဝေး(Main Forum– Plenary Session) သို့တက်ရောက် သည်။ အဆိုပါအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်း ပြောကြားပြီး လာအိုပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတက ဆွေးနွေးဖက် နိုင်ငံအနေဖြင့် တက်ရောက်ဆွေးနွေးခဲ့သည်။

ဖိုရမ်ကျင်းပစဉ်ကာလအတွင်း ရုရှားနိုင်ငံ၏ ဒေသဆိုင်ရာအကြီး အကဲများနှင့် တွေ့ဆုံမှုအနေဖြင့် စက်တင်ဘာ ၁၂ ရက် ညနေပိုင်း တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အလယ်ပိုင်းရှိ အီကွတ်မြို့၏ Governor ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလာမှုလုပ်ငန်းများနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ပရီမော့စကီး ဒေသ၏ Governor ခေါင်းဆောင် သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ အကြား ရေကြောင်းဆိုင်ရာ ကုန်သွယ်မှုဖြစ်နိုင်ခြေ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုး ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ သည် နည်းပညာဆိုင်ရာကုမ္ပဏီ များ၊ အဖွဲ့အစည်းများနှင့်လည်း သီးခြားတွေ့ဆုံ ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက် **စာမျက်နှာ ၅ သို့** ✻

❋ စာမျက်နှာ ၄ မှ
နံနက်ပိုင်းတွင် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်နည်းပညာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ Aquarius နည်းပညာကုမ္ပဏီ၏ ထုတ်ကုန်များအား ပိုမိုနားလည်စေရန် စီးပွားရေးလုပ်ငန်းများ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန်ကိစ္စရပ်များကို လည်းကောင်း၊ စက်တင်ဘာ ၁၃ ရက်နံနက်ပိုင်းတွင် Far Eastern Federal University မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် Far Eastern Federal University (FEFU) တို့အကြား လက်မှတ်ရေးထိုးထားသည့် ဆေးဘက်ဆိုင်ရာပညာရပ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ စတင်ရေးနှင့် နေပြည်တော်တွင် FEFU ရုံးခွဲဖွင့်လှစ်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတွင် ကြည့်ရှုလေ့လာစဉ်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port of Vladivostok သို့ သွားရောက်၍ ဆိပ်ကမ်း၏ စွမ်းဆောင်မှုများ၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုစနစ်အား အဆင့်မြင့်ကွန်ပျူတာစနစ် အသုံးပြုပြီး စီမံခန့်ခွဲနေမှုများနှင့် အနာဂတ်ဆိပ်ကမ်း ဆက်လက်တည်ဆောက်သွားမည့် အစီအမံများကို လေ့လာခဲ့ကြသည်။

**လက်မှတ်ရေးထိုးခဲ့**

ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံသဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမှုအနေဖြင့် ရုရှား-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုအဆင်ပြေစေရန်နှင့် ငွေပေးချေမှုများ အဆင်ပြေချောမွေ့စေရန်အတွက် ရုရှားဘဏ်များမှ မြန်မာနိုင်ငံ၌ ဘဏ်ခွဲ (သို့မဟုတ်) ကိုယ်စားလှယ်ရုံးခွဲများ လာရောက်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရုရှားနိုင်ငံဗဟိုဘဏ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ဘဏ်စာရင်းဖွင့်လှစ်သည့် သဘောတူစာချုပ်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရုရှားနိုင်ငံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း၊ နှစ်နိုင်ငံ ခရီးသွားဧည့်သည်ဝင်ရောက်မှုများ တိုးမြှင့်လာစေရေး၊ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုအရည်အသွေးများ မြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း အလားအလာများ တိုးမြှင့်လာစေရေးနှင့် ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေးတို့ကိုရည်ရွယ်၍ ခရီးသွားလုပ်ငန်းပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးတို့ကလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ တနိုင်းခရိုင်အတွင်း ပြည်သူလူထုနှင့် တွေ့ဆုံ မြစ်ကြီးနားတက္ကသိုလ်ဝန်ထမ်းမိသားစုများအား သက်သာဈေးဖွင့်လှစ်ရောင်းချပေးနေမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့မှ တနိုင်းခရိုင် တနိုင်းမြို့သို့ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြသည်။

**တွေ့ဆုံ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ဒေသကွပ်ကဲရေးမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်အတွင်းရှိ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုကူညီရေး ပရဟိတအသင်း/ အဖွဲ့များ၊ စိုက်ပျိုးရေးကိုယ်စားလှယ်တောင်သူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို ရေးဆွဲချမှတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်များ တိုးတက်မြင့်မားရေး၊ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရေး၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ပြည့်ဝသော၊ ဗလငါးတန်နှင့် ပြည့်စုံသော အနာဂတ်လူငယ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှု ရရှိရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ မိမိတို့ ပြည်သူတစ်ဦးချင်းစီက အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိ မြို့ဖများ၊ အသင်းအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေးတောင်သူကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများက စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းရေး၊ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်း စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ တနိုင်းဒေသသည် ဆန်ဖူလုံရေးအနေဖြင့် ၇၈ ရာခိုင်နှုန်းသာရှိသည့်အတွက် တနိုင်းဒေသ ဆန်ဖူလုံရေးနှင့် မွေးမြူရေးဇုန် အကောင်အထည်ဖော်နိုင်ရေး စီမံချက်ရေးဆွဲ၍ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တနိုင်းဒေသအတွင်း ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးသည့်အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၂ ကတ်ကိုပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က တနိုင်းဒေသရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ၁၂ သိန်း၊ လူမှုပရဟိတ အသင်းအဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် ၁၈ သိန်းကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က စိုက်ပျိုးမွေးမြူရေး လိုအပ်ချက်များကို အလေးအနက်ထားဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်သည် တနိုင်းမြို့ (၅)မိုင်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ်သိန်း ၇၀၀ ပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသည့် ဒေါ်နန်ဂျာ၏ ဝက်ခြံ၌ အသားတိုးဝက်ကောင်ရေ ၁၅၀ ကျော် စီးပွားဖြစ်တိုးတက်အောင်မြင်လာမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကိုမေးမြန်းဆွေးနွေးကာ ဝက်ဝမ်းကျကာကွယ်ဆေးများနှင့် မွေးမြူရေးအထောက်အကူပြုဆေးဝါးများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် ပြည်နယ် ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း ဝန်ထမ်းများနှင့် အဆောင်နေကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အတွင်းရှိ ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြင်ပပေါက်ဈေးထက် ပိုမိုသက်သာသော ဈေးနှုန်းဖြင့် ဆန်၊ ကြက်၊ ဝက်၊ အမဲ၊ ငါး၊ စားသုံးဆီနှင့် အသီးအနှံများ ဖွင့်လှစ်ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများအတွက် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

**ဟားခါး စက်တင်ဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ဦးစားပေးဆောင်ရွက်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ် ချမှတ်၍ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် ဆန်ဖူလုံရေး၊ စားသုံးဆီဖူလုံရေးအတွက် အဓိကသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း၊ အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရက အခြေခံပညာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း KG+9 အနည်းဆုံးပြီးမြောက်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ချင်းပြည်နယ်တွင် အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးကို အထူးဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ အန္တိမ ရည်မှန်းချက်သည် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာ ကျင်းပနိုင်ရေးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**အောင်မြင်အောင် ဆောင်ရွက်**

ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်က နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများကို ဌာနဆိုင်ရာများက ဦးဆောင်၍ ပြည်သူများ၏ ပူးပေါင်းမှုဖြင့် အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက မိမိဌာနအလိုက် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းရာသီသီးနှံမျိုးစေ့များနှင့် ပုလဲခတ်မြေဩဇာတို့ကို တောင်သူများထံ ပေးအပ်ကြသည်။

**အမှတ်တရလက်ဆောင် ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က မြို့မိမြို့ဖများအတွက် အမှတ်တရလက်ဆောင် ပေးအပ်ရာ မြို့မိမြို့ဖ ဦးအုပ်နောလ်ကလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အဆင့်ဌာနဆိုင်ရာများအတွက် အမှတ်တရလက်ဆောင် ပေးအပ်ရာ ဦးသျှန်နွန်မောင်းက လည်းကောင်း၊ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးနေစိုးက လူမှုရေးအသင်းအဖွဲ့များအတွက် အမှတ်တရလက်ဆောင် ပေးအပ်ရာ ဒေါ်တင်တင်က လည်းကောင်း လက်ခံရယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)များ လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်ပြီးစီးခဲ့သည့် သင်တန်းသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေကြသည့် အငယ်တန်း အင်ဂျင်နီယာ(၂) ဝန်ထမ်း ၄၉ ဦးကို မိမိတို့ဌာန၏ လုပ်ငန်းတာဝန်များကို စာတွေ့၊ လက်တွေ့၊ လေ့လာရေးခရီးစဉ်များနှင့်အတူ နှစ်ပတ်ကြာဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရန် ဓာတ်အားပေးစက်ရုံများကို ထိန်းသိမ်းမောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် ဝန်ထမ်းများလိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်း၊ ဘဏ္ဍာရေးဆိုင်ရာ၊ ပစ္စည်းဖြည့်တင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း သိရှိနားလည်အောင် သင်ကြားပို့ချပေးခဲ့ပါကြောင်း၊ မိမိတို့ တာဝန်ကျရာ စက်ရုံများတွင် စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပြီး စက်ချွတ်ယွင်းမှုဖြစ်ပေါ်ပါကလည်း အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေး ကျွမ်းကျင်အောင် အလေးထားဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်သည့်အခါ စေတနာထားပြီး အားကြိုးမာန်တက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရရှိသူ သင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တံတားဦးမြို့နယ်၌ ချည်မျှင်ရှည်ဝါ အထူးအထွက်တိုးဇုန် စံပြကွက် ဧက ၅၀ တောင်သူနည်းပညာပေး ကွင်းသရုပ်ပြ



**တံတားဦး စက်တင်ဘာ ၁၅**

တံတားဦးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးချည်မျှင်ဝါ( B-31 ) အထူးအထွက်တိုးဇုန် စံပြကွက် ဧက ၅၀ တောင်သူနည်းပညာပေးကွင်းသရုပ်ပြဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၉ နာရီက ချောင်းပတ်ကျေးရွာ ကွင်းအမှတ်(၁၄၁၃) သမန်းကန်ကွင်း တောင်သူ ဦးဝင်းထူး၏ စိုက်ကွင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းကြည်က ဝါပင်များတစ်ဧက သတ်မှတ်အပင်ရေပြည့်မီရေး၊ ဝါကောက်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးကနေဒီထွန်းက ချည်မျှင်ရှည်ဝါ အထူးအထွက်တိုးဇုန် စိုက်ပျိုးထားရှိမှုကို ရှင်းလင်းပြောကြားပြီး တံတားဦးမြို့နယ် အမှတ်(၂၃) စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်ဇော်က စက်မှုလယ်ဦးစီးဌာနအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ခုနှစ် မိုးချည်မျှင်ရှည်ဝါ( B-31 )အထူးအထွက်တိုးဇုန် စံပြကွက်အား ကွင်းဆင်းကြည့်ရှုအားပေးကြသည်။ တံတားဦးမြို့နယ်အနေဖြင့် မိုးချည်မျှင်ရှည်ဝါကို ဧက ၁၄၄၀ စိုက်ပျိုးရန်လျာထားပြီး ရာခိုင်နှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။ မိုးချည်မျှင်ဝါ(B-31 )အထူးအထွက်တိုးဇုန်စံပြကွက်ဧက ၅၀ ကို ချောင်းပတ်ကျေးရွာတွင် ၂၅ ဧက၊ ငါးဇင်ရိုင်းကျေးရွာတွင် ၂၅ ဧက စုစုပေါင်းဧက ၅၀ စိုက်ပျိုးထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၂ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း ၁ ရက်
( ၂၀၂၃ ခုနှစ် ၊ စက်တင်ဘာလ ၁၅ ရက် )

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာအိမ်ရာ၊ ချယ်ရီ(၁)လမ်း၊ အခန်းအမှတ် (၃၀၂)၊ တိုက်အမှတ် (၁၁၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ**ကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၇) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
UNWTO
World Tourism Organization
"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး"
WORLD TOURISM DAY 2023
TOURISM & GREEN INVESTMENTS
၂၇ - ၉ -၂၀၂၃
MICC-2 ၊ နေပြည်တော်


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ မောင်တောခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ရသေ့တောင်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု




**စစ်တွေ စက်တင်ဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်မတော် ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့မှ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသို့ သွားရောက်ပြီး အဆိုပါမြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရသေ့တောင်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့သည် မောင်တောမြို့သို့ ရောက်ရှိပြီး မောင်တောမြို့ သာသနာ့ဗိမာန်၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို ဆောင်ရွက်ရာတွင် အဆိုပါစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သူ၊ ဦးဆောင်သူ၊ လိုက်နာကျင့်သုံးသူများအားလုံး အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အနာဂတ်နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ မွေးထုတ်နိုင်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများ တိုးတက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ရခိုင်ပြည်နယ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက မောင်တောမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးတို့အတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည်မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြို့သူကြီးတစ်ပိုင်တစ်နိုင် ရေချိုငါး သားဖောက်စခန်းသို့ သွားရောက်၍ ရေချိုငါးများ သားဖောက်ဆောင်ရွက်နေမှုနှင့် ကျေးလက်တစ်ပိုင်တစ်နိုင် သရုပ်ပြကန်များ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မောင်တောမြို့ ဇူလကျေးရွာ၌ ပေါင်းရှင်း တမန်းနှိုးခြင်း၊ ယူရီးယားဓာတ်မြေဩဇာနှင့် စူပါဘိုကာရှီသဘာဝမြေဩဇာရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို လည်းကောင်း၊ မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာအနီး၌ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်သိန်းကျော်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ရေချိုငါးမွေးမြူရေးကန်များကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကားပြောကြားကာ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဘူးသီးတောင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် နန်းရာကုန်း ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးမာဘူရော်မာန်၏ အသားတိုးကြက်မွေးမြူရေးခြံကို လည်းကောင်း၊ လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ မိုးစပါး ပေါင်ပျိုးထောင်စိုက်စနစ် စံပြကွက် ဧက ၂၀ တွင် ပေါင်းရှင်းတမန်းနှိုးခြင်း၊ ယူရီးယားဓာတ်မြေဩဇာနှင့် စူပါဘိုကာရှီသဘာဝမြေဩဇာ ရောစပ်ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ်သို့ သွားရောက်ပြီး ခနောင်းကြီးကျေးရွာ၌ မိုခါမုန်တိုင်းသင့်တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့သော မျိုးစပါး GW-11 ၁၀ ဧက စိုက်ပျိုးအောင်မြင်နေမှုနှင့် စိုက်ကွင်းအတွင်း ယူရီးယားဓာတ်မြေဩဇာနှင့် စူပါဘိုကာရှီသဘာဝမြေဩဇာရောစပ်ကြဲပက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ စေတီတောင်ဘုရားအား သွားရောက်ဖူးမြော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီတောင်ဘုရား စောင်းတန်းအမိုးအကာများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဘုရားကြီး ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်လုံမြို့တွင် ၁၀ ဒသမ ၅ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲ တက်ရောက်

**ပန်လုံ စက်တင်ဘာ ၁၅**

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ပန်လုံမြို့တွင် ၁၀ ဒသမ ၅ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပန်လုံမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ “ဝ”တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကိုးကန့်ယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က ပန်လုံမြို့၌ ၁၉၉၅ ခုနှစ်တွင် ဒီဇယ်မီးစက်ဖြင့် အချိန်ပိုင်းသာ လျှပ်စစ်မီးပေးနိုင်ပါကြောင်း၊ ယခုအခါတွင် အချိန်ပြည့် လျှပ်စစ်မီး သုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပန်လုံမြို့နေ ဒေသခံပြည်သူများအတွက် ၂၄ နာရီ အပြည့် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီ ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်က ပန်လုံမြို့အား ၂၄ နာရီ အချိန်ပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် ၁၀ ဒသမ ၅ ကေဗွီ ဓာတ်အားလိုင်း ၂ ဒသမ ၂ မိုင် ဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပန်လုံမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်နိုင်ဦးက လျှပ်စစ်မီး ရယူသုံးစွဲခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားလိုင်းကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က ဓာတ်အားလိုင်းကို ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က “ဝ” တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့နှင့် ကိုးကန့် စာပေယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ဒုတိယတိုင်းမှူးတို့က ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကြသည်။

## ချီးမြှင့်ငွေပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟိုပန်မြို့နယ် ပန်လုံမြို့တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်ရွက်မည့် သောက်သုံးရေရရှိရေး ရေစုကန်အမှတ်(၁) ဆောင်ရွက်မည့်နေရာကို လည်းကောင်း၊ ပန်လုံမြို့ရှိ ပန်လုံဟော်နန်းကို လည်းကောင်း သွားရောက်ကြည့်ရှုပြီး ပန်လုံပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်နှင့် ဦးရွှေကြိမ်းတို့က ပန်လုံဆေးရုံအတွက် ချီးမြှင့်ငွေပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်ရှိ ခိုင်ဝေဖြိုးကုမ္ပဏီလီမိတက်၏ တိရစ္ဆာန်အစာထုတ်လုပ်စက်ရုံကို သွားရောက်ကြည့်ရှုသည်။



ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှု ခံယူနေသော ဒေသခံတိုင်းရင်းသားပြည်သူများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဟိုပန်ပြည်သူ့ဆေးရုံအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ဟိုပန်မြို့ မြသိန်းတန် ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ ဟိုပန်မြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## အမှာစကားပြောကြား

ထို့နောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဟိုပန်မြို့ရှိ “ဝ”၊ ရှမ်း၊ ကိုးကန့်၊ ကချင်၊ လားဟူ၊ လီဆူး၊ မြောင်ဇီး တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ထောက်ပံ့ပေးအပ်ကြပြီး ခင်းကျင်းပြသထားသည့် ဟိုပန်မြို့ MSMEs ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လားရှိုးခရိုင် ကွမ်းလုံမြို့ရှိ သံလွင်မြစ်ကူးတံတား(ကွမ်းလုံ) တံတားသစ်နှင့် နမ့်ဟူး(ကွမ်းလုံ)-ဟိုပန်- မိုင်းမော လမ်းပေါ်ရှိ နမ့်တိန်းတံတား(တံတားအမှတ် ၁/၁) ၄၈၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **သတင်းစဉ်**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်လွင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း စုစုပေါင်းအင်အား ၃၀ တို့က အမှတ်(၅)ရပ်ကွက် ညောင်တန်းလမ်းရှိအမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က လှည်းကူးခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ငွေအောင်ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက လှည်းကူးမြို့ မြို့မရပ်ကွက်ရှိ မဟာအတုလ သကျမာန်အောင်ဆုတောင်းပြည့် ငါးထပ်ကြီးဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြင့်ဦး



# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချွန်လွှာ အကောင်အထည်ဖော်မည့်လုပ်ငန်းရပ်များ ဆွေးနွေး (၈)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ (၈)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် ကျင်းပနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်နှင့်တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချွန်လွှာ (Memorandum of Cooperation) အရ အကောင်အထည်ဖော်မည့် လုပ်ငန်းရပ်များကို ဆွေးနွေးသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဥပဒေရေးရာဝန်ကြီးဌာန၏ "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" ဟူသည့် မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ပါမျှော်မှန်းချက်များနှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနနှင့် အဆင့်ဆင့်သော ဥပဒေရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့်ဥပဒေအရာရှိများ၏ဥပဒေရေးရာစွမ်းဆောင်ရည်များ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးလက်အောက်ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အရှေ့ဖျားဥပဒေတက္ကသိုလ်သို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအား ပညာတော်သင်များ စေလွှတ်မည့်စီမံကိန်းဆိုင်ရာကိစ္စ၊ ဥပဒေရေးရာ သုတေသနပြုခြင်းလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ပြစ်မှုဆိုင်ရာနှင့်တရားမဆိုင်ရာအမှုများတွင် အီလက်ထရွန်နစ်သက်သေခံတင်သွင်းခြင်းဆိုင်ရာကိစ္စ၊ ၂၀၂၄ - ၂၀၂၅ ခုနှစ်အတွင်း ဥပဒေအသိပညာပြန့်ပွားရေးဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းစီမံကိန်းဆိုင်ရာကိစ္စ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ တရားခံလွှဲပြောင်းရေးနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ဥပဒေများကို အပြန်အလှန်ပေးပို့လေ့လာခြင်း ကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ကြသည်။

(၈)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (8th Eastern Economic Forum)တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အခြေခံအုတ်မြစ်အဖြစ် စီးပွားရေးလုပ်ငန်းများကိုကာကွယ်ရန်(Protected Business as a basis of Sustainable Economic Development)ခေါင်းစဉ်ဖြင့် ကျင်းပသောဆွေးနွေးပွဲတွင် Penalist Speaker အဖြစ် ဆွေးနွေးဟောပြောခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals (SDGs))ကို ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ဆင်းရဲနွမ်းပါးမှုရပ်တန့်ရန်၊ ကမ္ဘာမြေကြီးကို ကာကွယ်ရန်၊ ၂၀၃၀ ပြည့်နှစ်တွင် လူသားများအားလုံး ငြိမ်းချမ်း၍ ချမ်းသာကြွယ်ဝခြင်းကို ခံစားနိုင်စေရေးအတွက် ချမှတ်ခဲ့ပါကြောင်း၊ ယင်း၏ရည်မှန်းချက်ပန်းတိုင် ၈ သည် အားလုံး ပါဝင်နိုင်သော၊ ရေရှည်တည်တံ့သောစီးပွားရေးတိုးတက်မှု၊ အလုပ်အကိုင်နှင့် သင့်လျော်သော အလုပ်များကို မြှင့်တင်ရန်ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များသည် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာခြင်း အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်နှင့် အခြေခံသဘောတရားများအတိုင်း လမ်းညွှန်ထားခြင်းဖြစ်ကြောင်း။

**ခိုင်မာသည့်ဥပဒေမူဘောင်များရှိရန် လိုအပ်**

ကမ္ဘာ့နိုင်ငံများအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးဖြစ်ရန်အတွက် ခိုင်မာသည့် ဥပဒေမူဘောင်များရှိရန် လိုအပ်ပါကြောင်း၊ ဥပဒေမူဘောင်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းဥပဒေမူဘောင်ဟူ၍ တွေ့မြင်နိုင်ပါကြောင်း၊ နိုင်ငံတကာဥပဒေမူဘောင်အနေဖြင့် နိုင်ငံတကာကုန်သွယ်မှုနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏သဘောတူညီချက်များနှင့် စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံခြားအနုညာတဆုံးဖြတ်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (New York Convention) ကဲ့သို့သောအပြည်ပြည်ဆိုင်ရာဥပဒေမူဘောင်များ ရှိပါကြောင်း၊ ဒေသဆိုင်ရာအဆင့်တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံပဋိညာဉ်ကို အထူးအလေးပေးလျက် ပဋိညာဉ်ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက်ရှိပါကြောင်း၊ အာဆီယံတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူစာချုပ်၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ်များ၊ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများ တိုးမြှင့်ခြင်းဆိုင်ရာ အာဆီယံစာချုပ်ကဲ့သို့သောစာချုပ်များကို တွေ့နိုင်ပါကြောင်း၊ ပြည်တွင်းကိုကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ ကာကွယ်မှုရှိသောစီးပွားရေးဖြစ်စေရန် ဥပဒေများချမှတ်လျက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

**မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ**

မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အရ နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါကြောင်း၊ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် စီးပွားရေးနှင့်စပ်လျဉ်း၍ "တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်" ဟူ၍ ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေများကိုလည်း ချမှတ်လျက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ ကာကွယ်မှုရှိသော စီးပွားရေးဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ပြောင်းလဲပြဋ္ဌာန်းရန် လိုအပ်လာ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ကမ္ဘာ့နိုင်ငံအားလုံးသည် တစ်နေ့ထက်တစ်နေ့ ခေတ်မီတိုးတက်ပြောင်းလဲလျက်ရှိပြီး အဓိကအားဖြင့် နည်းပညာတွင် များစွာတိုးတက်လျက်ရှိခြင်းကြောင့် နိုင်ငံများအနေဖြင့် ခေတ်နှင့်လျော်ညီသော ဥပဒေမူဘောင်များသည် နိုင်ငံအလိုက်စီးပွားရေးဆိုင်ရာမူဝါဒများ ပြောင်းလဲမှုအလိုက် ပြောင်းလဲပြဋ္ဌာန်းရန်လိုအပ်လာပါကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် ခေတ်မီတိုးတက်သော ဥပဒေမူဘောင်များကို ပြဋ္ဌာန်းနိုင်ရေးစဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ အထူးသဖြင့် ဥပဒေမူဘောင်များတွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ တရားစီရင်ရေးဆိုင်ရာ၊ အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံဖြတ်ကျော်ဥပဒေ ဝန်ဆောင်မှုပေးခြင်း၊ ဒေသအလိုက် Online Virtual အစည်းအဝေးကျင်းပခြင်းကဲ့သို့သော ကဏ္ဍများကို တိုးတက်ပြောင်းလဲလာသောခေတ်နှင့် ကိုက်ညီမှုရှိစေရန် ဥပဒေမူဘောင်များကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် စီးပွားရေးဆိုင်ရာအငြင်းပွားမှုများကို သမားရိုးကျနည်းလမ်းဖြင့်မဟုတ်ဘဲ အွန်လိုင်းအသုံးပြု၍ ဖြေရှင်းဆောင်ရွက်သည့်နည်းလမ်း(Online Dispute Resolution)များ၊ တစ်ဖက်သတ်နိုင်ငံခြား စီးပွားရေးပိတ်ဆို့မှုများကို ကျော်လွှားခြင်းဆိုင်ရာ ဥပဒေမူဘောင်ကို ဖော်ထုတ်ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် (၈)ကြိမ်မြောက်အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနှင့်စပ်လျဉ်း၍ ဖိုရမ်သို့တက်ရောက်သော ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းလျားကန်နှင့်ကန်တော်ကြီးကန်တို့တွင် သတ်မှတ်ရေချိန်ကျော်နေသဖြင့် ရေပိုလွှဲမှရေများ ထုတ်ယူပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၅**

အင်းလျားကန်နှင့် ကန်တော်ကြီးကန်အတွင်း ရေများပြည့်နေပြီး သတ်မှတ်ရေချိန်အမှတ်ထက်ကျော်လွန်နေသဖြင့် ရေပိုလွှဲနှင့် ရေထိန်းတံခါးမှရေများ ထုတ်ယူပေးခဲ့ရကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယင်းကဲ့သို့ ရေများထုတ်ယူပေးခဲ့ရသည့်အခြေအနေများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် အဖွဲ့ဝင်များ လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားလမ်းညွှန်ခဲ့သည်။

စက်တင်ဘာ ၁၅ ရက် တိုင်းတာချက်များအရ အင်းလျားကန်သည် သတ်မှတ်ရေချိန်အမှတ် ၄၈ ပေ ကျော်လွန်နေသည့်ရေများကို ရေပိုလွှဲ Spill Way မှ တစ်ဆင့် အင်းလျားကန်ရေထုတ်မြောင်း၊ ကမ္ဘာအေးဘုရားလမ်းမြောင်း၊ ရန်ကင်းဆည်မြောင်းချောင်းနှင့် တောင်ဥက္ကလာ ရေပေါက်ကြည်ချောင်းတို့သို့ ဖြတ်သန်းစီးဆင်းစေပြီး ထိုမှတစ်ဆင့် ငမိုးရိပ်ချောင်းအတွင်းသို့ စီးဝင်အောင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန်တော်ကြီးကန်သည်လည်း စက်တင်ဘာ ၁၅ ရက်တွင် သတ်မှတ်ရေချိန်အမှတ် ၃၈ ပေ ကျော်လွန်နေသည့် ရေများကို ကန်တော်ကြီးသဘာဝဥယျာဉ်ရှိ ရေထိန်းတံခါးမှ ထုတ်ယူပေးခဲ့ခြင်းကို မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးရွာနေသည့်အချိန် ထိစပ်ရပ်ကွက်များအတွင်း ရေကြီးရေလျှံမဖြစ်စေရန် ရေထိန်းတံခါးအားပိတ်ထားပြီး မိုးတိတ်မှသာ သတ်မှတ်ရေချိန်အမှတ် ကျော်လွန်နေသည့်ရေများကို ထုတ်လွှတ်သွားရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်)က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တီစီ**



# မြန်မာ-ဖိလစ်ပိုင် ချစ်ကြည်ရေးအထိမ်းအမှတ် မြန်မာရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

(၆၇)နှစ်မြောက် မြန်မာ-ဖိလစ်ပိုင် ချစ်ကြည်ရေးအထိမ်းအမှတ် နှစ်နိုင်ငံ အနုပညာ ပူးပေါင်းဆောင်ရွက်မှု အဖြစ် ရိုက်ကူးတင်ဆက်သည့် “ချစ်လှစွာသော” မြန်မာရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon ဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများ “ချစ်လှစွာသော” ရုပ်သံဇာတ်လမ်းတွဲမှ ပြကွက်များထုတ်နုတ်ပြသမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံး တာဝန်ခံ Mr. Enrique Voltaire Pingol၊ ရုပ်ရှင်နှင့် ရုပ်သံလုပ်ငန်းမှ တာဝန်ရှိသူများ၊ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြသည့် အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာပေနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ဦးစွာ (၆၇) နှစ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ် Video Clip ကို ဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံရုံးတာဝန်ခံ၏ ဂုဏ်ပြုနှုတ်ခွန်းဆက် Video Message ကို ဆက်လက်ဖွင့်လှစ်ပြသသည်။

ထို့နောက် အခမ်းအနားမှူးက ရုပ်သံဇာတ်လမ်းတွဲ မိတ်ဆက်ပြသရခြင်းနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ယင်းရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြသည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးကာ ထုတ်လုပ်သူ မခွန်မိုင်အောင်က အမှတ်တရစကား ပြောသည်။

ယင်းနောက် ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြသည့် အနုပညာရှင် အတတ်ပညာရှင်များအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ တာဝန်ခံ Charge D' Affairs Mr. Enrique Voltaire Pingol က အမှတ်တရ ပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ “ချစ်လှစွာသော” ရုပ်သံဇာတ်လမ်းတွဲမှ ပြကွက်များကို ထုတ်နုတ်ပြသပြီးနောက် ဒါရိုက်တာ အိအိခိုင်က ကျေးဇူးတင်စကား ပြောသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တက်ရောက်လာကြသည့် ရုပ်ရှင်၊ ရုပ်သံလုပ်ငန်းမှ တာဝန်ရှိသူများနှင့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၃ ခုနှစ်သည် မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ချစ်ခင်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားတန်ဖိုးထားမှုတို့ဖြင့် သံတမန်ဆက်ဆံရေး (၆၇)နှစ်မြောက် ပြည့်မြောက်ခဲ့ခြင်းဖြစ်ရာ ယင်းအထိမ်းအမှတ်အဖြစ် ဖိလစ်ပိုင်နိုင်ငံတွင် ABS-CBN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့စဉ် အောင်မြင်ကျော်ကြားခဲ့သည့် “My Dear Heart” ရုပ်သံဇာတ်လမ်းတွဲကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Forever Group Holding Ltd.က ဝယ်ယူခဲ့ပြီး မြန်မာမှုပြုကာ မြန်မာ့အနုပညာရှင်များနှင့် ဆေးရုံကြီးများ Setting နောက်ခံထား၍ ပြန်လည်ရိုက်ကူးပြသရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာအိအိခိုင်က ဖန်တီးပုံဖော်ထားပြီး လူတစ်ဦးနှင့်တစ်ဦးကြား မေတ္တာတရားကို အခြေခံရိုက်ကူးထားကာ ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်၊ စည်သူဝင်း၊ ဝင့်ယမုံနိုင်၊ မေဆူးမောင်နှင့် အနုပညာရှင်များစွာ ပါဝင်၍ အပိုင်း(၇၈)ပိုင်းဖြင့် MRTV-4 ရုပ်သံလိုင်းမှ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစ၍ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ညစဉ် ၇ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## ပြန်ကြားရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပခရီးစဉ်အတွေ့အကြုံ ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ပနိုင်ငံများ၌ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ပြည်ပအတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။





အတွေ့အကြုံရှင်းလင်းပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မိမိတို့လေ့လာသင်ယူခဲ့ရသည့် နိုင်ငံတကာအတွေ့အကြုံ၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေ့အကြုံများကို အများစိတ်ဝင်စားဖွယ် ပြန်လည်ဆွေးနွေးကြရန်နှင့် တက်ရောက်နားထောင်သူများအနေဖြင့် အကျိုးရှိထိရောက်အောင် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသည့် သတင်းတု၊ သတင်းမှားတိုက်ဖျက်ရေး လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းဆိုင်ရာ ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်ရွှေက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်စနစ် ရုပ်သံထုတ်လွှင့်မှုညီလာခံသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံကျွမ်းကျင်(၂) ဦးရဲအောင်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အာဆီယံသတင်းသမားများ လေ့လာရေးခရီးစဉ်သို့ ပါဝင်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် အာဆီယံ-ဩစတြေးလျ နယ်မြေဖြတ်ကျော်အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာလုပ်ငန်းအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှသတင်းမီဒီယာ ထိပ်သီး အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်စိုးက အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှသတင်းမီဒီယာ ထိပ်သီး အစည်းအဝေးနှင့် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးရဲတင့်က ဝန်ထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာ အသိအမြင် ဗဟုသုတကြွယ်ဝရေးအတွက် ပြည်ပခရီးစဉ်များကို စေလွှတ်လျက်ရှိကြောင်း၊ ထိုသို့ စေလွှတ်ရာတွင် အချိန်အား၊ ငွေအား၊ လူအား ရင်းနှီးပေးဆပ်ရသဖြင့် ထိုက်တန်သည့် အကျိုးကျေးဇူးများရရှိအောင် စွမ်းဆောင်ကြိုးပမ်းကြစေလိုကြောင်း၊ သွားရသည့် ခရီး၏ အကျိုးရလဒ်အဖြစ် မိမိအတွက်၊ ဌာနအတွက်၊ နိုင်ငံအတွက် ရလဒ်ကောင်းများရရှိအောင်၊ လုပ်ငန်းခွင်ပိုမိုတိုးတက်ရေးအတွက် တီထွင်ဖန်တီးလုပ်ကိုင်နိုင်အောင် ကြိုးစားကြရန်မှာကြားလိုကြောင်း၊ တက်ရောက်နားထောင်သူများအနေဖြင့်လည်း သိသင့်သိထိုက်သည်များ၊ သိရှိလိုသည်များကို မေးမြန်းကြခြင်းဖြင့် ပိုမိုအကျိုးရှိ ထိရောက်အောင် ဆောင်ရွက်ကြစေလိုကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို မြစိမ်းရောင်တောင်ရှိ သုဒဿနဓမ္မာရုံ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်ဇင်ထွန်းက ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေဝေ(မြောင်းမြ)**

■

# အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း NSPAW Phase II (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ်အလိုက်ရေးဆွဲထားသည့် စီမံချက်လုပ်ငန်းစဉ်(မူကြမ်း)များနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




နေပြည်တော် စက်တင်ဘာ ၁၅

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ်အတွက် ရေးဆွဲထားသည့် စီမံချက်လုပ်ငန်းစဉ်(မူကြမ်း)များနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kumudra Ballroom Hotel Max ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃ -၂၀၃၂ ) ရေးဆွဲရေးဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃ -၂၀၃၂ )ရေးဆွဲရေး လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ၂၀၂၂ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေထုတ်ပြန်စာရင်းတွင် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေမှာ ၅၅ ဒသမ ၈ သန်းရှိပြီး အမျိုးသားဦးရေသည် ၂၆ ဒသမ ၇ သန်းဖြစ်၍ အမျိုးသမီးဦးရေသည် ၂၉ ဒသမ ၁ သန်းရှိပါကြောင်း၊ နိုင်ငံလူဦးရေ၏ထက်ဝက်ကျော်ဖြစ်သည့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် အင်အားစုကြီးဖြစ်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)ကို ဆက်စပ်ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုဖြင့် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဩဂုတ်၂၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်နှင့်အညီ ဦးဆောင်ကော်မတီကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ(၁၂)ရပ်ကိုလည်း ထပ်မံပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းကာ ဦးဆောင်ကော်မတီသို့ တင်ပြထားရှိပြီးဖြစ်ပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂)ပါ လုပ်ငန်းနယ်ပယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ရေးဆွဲထားသည့် လုပ်ငန်းစီမံကိန်းများနှင့် ချိတ်ဆက်ကာ ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်း (Gender Mainstreaming) ဆောင်ရွက်နိုင်ရန် ဦးဆောင်ကော်မတီဝင်များ၏ လမ်းညွှန်မှုနှင့်အတူ လုပ်ငန်းကော်မတီအားလုံးက ဝိုင်းဝန်းပူးပေါင်းရေးဆွဲဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသာအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များအား ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးက မိမိတို့သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် တာဝန်ယူရေးဆွဲထားကြသည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ်(၁၂)ရပ် စီမံချက်လုပ်ငန်းစဉ် (မူကြမ်း)များနှင့်ပတ်သက်၍ အကြံပြုပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အထက(၁၈)၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်အသိပညာပေးဟောပြောပွဲကို ကျင်းပရာ စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ယင်းနောက် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ လူငယ်များက လူချွန်လူကောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပညာသင်နေသည့်အရွယ်တွင် စာကို ကြိုးစားသင်ယူပြီး စာတတ်စေရန်၊ အတန်းပညာ အောင်မြင်စေရေး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ သို့သော် စာတတ်ရုံ ပညာတတ်ရုံဖြင့် ဘဝတွင် ပြည့်စုံနိုင်မည်မဟုတ်ကြောင်း၊ ယခုကျင်းပခဲ့သည့် ဟောပြောပွဲရည်ရွယ်ချက်အတိုင်း ဗလငါးတန်နှင့်ပြည့်ဝသည့် လူငယ်များဖြစ်ကြရန် မျှော်လင့်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သော လူငယ်များ၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အတွေးအခေါ်မှန်မှန်ကန်ကန်ဖြင့် ကောင်းကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ နိုင်ငံတော်က လူငယ်များကို အနာဂတ်အင်အားအဖြစ် အားကိုးအားထားပြုစေချင်ကြောင်း၊ ဘက်ပေါင်းစုံမှ ထူးချွန်ထက်မြက်သော၊ နိုင်ငံ့အနာဂတ်အတွက် ကိုယ်ခံအားကောင်းသော လူငယ်များ၊ ခေါင်းဆောင်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း ကျောင်းအားကစားပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသူတစ်ဦးကို စာရေးကိရိယာနှင့် မုန့်များပေးအပ်စဉ်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးငြိမ်းက လက်ခံရယူသည်။

ယင်းနောက် ခန်းမအပြင်ဘက်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူ လူငယ်များအား ဗဟုသုတရရှိစေရန် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသားကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ပျော်ရွှင်ဖွယ်ဂိမ်းများကစား၍ အနိုင်ရရှိသူများအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့်(ရောဝတီ)မိသားစုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က လှူဒါန်းသော စာရေးကိရိယာနှင့် မုန့်များပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ရွှေပင်လယ်(IPRD)**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးကျော်ဇင်အောင်က ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကိုယ်စား လူငယ်ဘက်စုံဖွံ့ဖြိုးရေးအခမ်းအနားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က လက်ခံရယူသည်။

ယင်းနောက် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)က ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့် လူငယ်အသိပညာပေးဟောပြောသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဖျော်ဖြေရေးတီးဝိုင်းအဖွဲ့က ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူလူငယ်များအား ဗဟုသုတရရှိစေရန် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အသိပညာပေး စာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်း၊ မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း စသည့် ပျော်ရွှင်ဖွယ်ဂိမ်းများကစား၍ အနိုင်ရရှိသူများအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့်(ရောဝတီ)မိသားစုနှင့် ဒက္ခိဏသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က လှူဒါန်းသော စာရေးကိရိယာများနှင့်မုန့်များ ချီးမြှင့်ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၅**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တီတွတ်ပိုက်လိုင်းအခြေစိုက်စခန်း ဓာတ်ငွေ့ဖိအားမြှင့်စက်ရုံ(တီတွတ်)နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၏ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျောက်စွာ)နှင့် ရေနံဓာတုဗေဒ စက်ရုံစု(သံပရာကန်)တို့အား စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၄ ရက်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း တီတွတ်ပိုက်လိုင်းအခြေစိုက်စခန်း တီတွတ်သဘာဝဓာတ်ငွေ့ဖိအားမြှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျောက်စွာ) ပုံမှန်လည်ပတ်နိုင်သည့်အခြေအနေသို့ ရောက်ရှိပါက လိုအပ်မည့် သဘာဝဓာတ်ငွေ့စဉ်ဆက်မပြတ် ပို့လွှတ်ပေးနိုင်ရေး ပိုက်လိုင်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများနှင့် ဖိအားမြှင့်စက်အား သတ်မှတ်ဖိအားအတိုင်း ပုံမှန်ပို့လွှတ်ပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြစေလိုကြောင်းနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်သွားရန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်ခရိုင်အနောက်ဘက်ကမ်းရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရှာဖွေတူးဖော်နေသည့် အစမ်းတွင်းသို့ ရောက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး သတ်မှတ်စည်းကမ်းများအတိုင်း အလေးထားလိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်ပေးနိုင်ရေး ကြိုးစားထုတ်လုပ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပြီး အစမ်းတွင်းတူးဖော်နေမှု အခြေအနေကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျောက်စွာ)သို့ ရောက်ရှိခဲ့ရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က စက်ရုံကို ယခင်လည်ပတ်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေ၊ ၂၀၁၀ ပြည့်နှစ်မှစ၍ ရပ်ဆိုင်းထားခဲ့သော စက်ရုံအား ပြန်လည်လည်ပတ်နိုင်ရေး ပြုပြင်ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် ယူရီးယားဓာတ်မြေသြဇာများကို ပြည်တွင်းမှ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျောက်စွာ)အား ပြန်လည်လည်ပတ်ထုတ်လုပ်ရန် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ စက်ရုံမှထွက်ရှိသောဓာတ်မြေသြဇာများ၏ အရည်အသွေးကောင်းမွန်စေရေးကို စနစ်တကျဓာတ်ခွဲ၍ သတ်မှတ်အချိုးအစားများအတိုင်း တိကျစွာထုတ်လုပ်နိုင်ရန် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး လိုအပ်သော စက်အစိတ်အပိုင်း ပြင်ဆင်လဲလှယ်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်ကြရာတွင် သဘာဝဓာတ်ငွေ့ကို တိုက်ရိုက်အသုံးပြုထုတ်လုပ်နိုင်သည့် နည်းလမ်းများအပြင် အခြားသော အရင်းအမြစ်များကို အသုံးပြုထုတ်လုပ်နိုင်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံရှိ Control Room တွင် စက်များထိန်းချုပ်မောင်းနှင်နေမှုနှင့် ယူရီးယားဓာတ်မြေသြဇာများ စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတုဗေဒ စက်ရုံစု(သံပရာကန်)သို့ရောက်ရှိခဲ့ရာ အစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံမှူးတို့က စက်ရုံသမိုင်းကြောင်း၊ စက်ရုံလည်ပတ်ထုတ်လုပ်နေမှု၊ စက်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်များပုံမှန်လည်ပတ်နိုင်မှသာ နိုင်ငံတော်အတွက် လိုအပ်သော စက်သုံးဆီများထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီများ၏ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်လိုပါကြောင်း၊ စက်ကြံ့ခိုင်ကောင်းမွန်စေရေး လိုအပ်သောပြင်ဆင်မှုများကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပေါင်းခံသည့်နည်းစဉ်အသုံးပြု၍ ရေနံထုတ်ကုန်များ ထုတ်လုပ်ရသည့်စက်ရုံဖြစ်သဖြင့် Temperature Gauge၊ Control Sensor နှင့် Meter များ အမြဲကောင်းမွန်မှန်ကန်စေရန် အရေးကြီးကြောင်း၊ မီးဘေးအန္တရာယ်နှင့် စက်ရုံလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားပြီး Control Room နှင့် စက်သုံးဆီများ ဓာတ်ခွဲစမ်းသပ်နေမှု၊ စက်ရုံလည်ပတ်ပုံ အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျောက်စွာ)သည် သဘာဝဓာတ်ငွေ့လုံလောက်စွာ ရရှိမှုမရှိသောကြောင့် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ ရပ်နားခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်တွင်းမှ ဓာတ်မြေသြဇာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး လမ်းညွှန်ချက်အရ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် စက်ပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဓာတ်မြေသြဇာများ ပြန်လည်စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး စက်စွမ်းအားတည်ငြိမ်စွာဖြင့် ပုံမှန်လည်ပတ်ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ နိုင်ငံတော်အတွက်လိုအပ်သည့် စက်သုံးဆီများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံ သက်မွေးပညာရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဖိုရမ်သို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ Guangxi Polytechnics of Construction ၌ ယနေ့တွင် ကျင်းပသည့် ၂၀၂၃ တရုတ်-အာဆီယံ သက်မွေးပညာရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဖိုရမ်သို့ တက်ရောက်သည်။

**ညှိနှိုင်းတွေ့ဆုံ**

ဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် အစိုးရတာဝန်ရှိသူများက အာဆီယံကိုယ်စားလှယ်များကို ညှိနှိုင်းတွေ့ဆုံခဲ့ပြီး Senior Officials Meeting ကို ပြုလုပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ဖွင့်ပွဲအခမ်းအနား၌ ဒုတိယဝန်ကြီးသည် ကွမ်ရှီးဒေသ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးများ၊ ဟောင်ကောင်နှင့် မကာအိုတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ အဖွင့်အမှာစကားပြောကြားသည်။


ဒုတိယဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်က ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် သက်မွေးပညာရပ် ကဏ္ဍကို မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် MSMEs လုပ်ငန်းများ၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်ငန်းများကို ခေတ်မီနည်းပညာများကို အသုံးချ၍ တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအတွက် ယခုနှစ်မှစ၍ စက်မှု-စိုက်ပျိုးရေး-မွေးမြူရေး အထက်တန်းကျောင်းများကိုပါ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက မြန်မာနိုင်ငံ၏ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍကို အဓိက Focal အဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ဒေသရှိ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် အခြားဇုန်များ၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသော သက်မွေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ BRI၊ လန်ချန်း-မဲခေါင် စီမံကိန်းများနှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ပံ့ပိုးပေးမှုများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်-မြန်မာနှင့် အခြားအာဆီယံနိုင်ငံများ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲစေရန်နှင့် နည်းပညာ၊ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးရေး အကျိုးတူပူးပေါင်းမှုတို့ကို မြှင့်တင်ဆောင်ရွက်လိုပါကြောင်း၊ ယင်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို လှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ဖိုရမ်သို့ အာဆီယံနိုင်ငံများမှ အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူ ၁၁၈ ဦး၊ တက္ကသိုလ်၊ ကောလိပ် ၁၁၉ ကျောင်းတို့မှ ပါမောက္ခချုပ်များ၊ မဟာဌာနမှူးများနှင့် ပါမောက္ခ ၂၇၂ ဦး၊ စီးပွားရေးလုပ်ငန်းရှင် ၅၂ ဦး၊ တရုတ်ပြည်နယ် ၂၀ မှ အစိုးရအရာရှိ ၇၉ ဦး၊ တရုတ်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ် ၂၉၁ ကျောင်းတို့မှ ပါမောက္ခချုပ်များ၊ မဟာဌာနမှူးများနှင့် ပါမောက္ခ ၃၅၆ ဦးနှင့် စီးပွားရေးလုပ်ငန်းရှင် ၈၁ ဦး တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် အဖွဲ့သည် အခြားကိုယ်စားလှယ်များနှင့် အတူ ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံအသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ TVET ပညာရပ်ဖိုရမ်များ ပြုလုပ်ခြင်းနှင့် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်သမ္မတ ရှီကျင့်ဖျင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်အား လက်ခံတွေ့ဆုံ



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တို့ တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်၌ စက်တင်ဘာ ၁၅ ရက်က တွေ့ဆုံစဉ်။

ပေကျင်း စက်တင်ဘာ ၁၅

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်၌ စက်တင်ဘာ ၁၅ ရက်က လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် ဟွန်မာနက်သည် ဝန်ကြီးချုပ်ရာထူးတာဝန် စတင်ထမ်းဆောင်သည့်အချိန်တွင် တရုတ်နိုင်ငံကို လာရောက်လည်ပတ်ရန် ရွေးချယ်ခြင်းသည် ၎င်းဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရသစ်၏ ကမ္ဘောဒီးယား-တရုတ်ဆက်ဆံရေးတိုးမြှင့်မှုအပေါ် အလေးထားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု သမ္မတရှီက ပြောကြားသည်။ တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အခိုင်မာဆုံးမိတ်ဆွေများဖြစ်ပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာလည်း ၆၅နှစ်ရှိခဲ့ပြီဖြစ်သည့်အပြင် အပြန်အလှန်ယုံကြည်မှု၊ ဘုံအကျိုးစီးပွားဖြစ်ထွန်းမှုတို့ရှိခဲ့သည့်အပြင် သက်ဆိုင်ရာနိုင်ငံများ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် အပြန်အလှန်ပံ့ပိုးကူညီမှုများ ရှိခဲ့ကြောင်း ရှီက ထပ်လောင်းပြောကြားသည်။ ထို့ပြင် တရုတ်နှင့်ကမ္ဘောဒီးယားနိုင်ငံအကြား စက်မှုလုပ်ငန်းနှင့် စပါး၊ ငါး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရှီက ဖြည့်စွက်ပြောကြားသည်။

ကမ္ဘောဒီးယားအစိုးရသစ်သည် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရေးမူဝါဒကို ဆက်လက်ခိုင်မာစွာ ကျင့်သုံးသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့အကြား ခိုင်မာသော ချစ်ကြည်ရင်းနှီးမှုကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း ပြသရန် ၎င်း၏ ပထမဆုံး တရားဝင်ခရီးစဉ်အတွက် တရုတ်နိုင်ငံကို ရွေးချယ်ခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

ကမ္ဘောဒီးယားသည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကိုလိုက်နာသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ အကျိုးစီးပွားများကို အတူလက်တွဲ၍ စောင့်ရှောက်မည်ဖြစ်ကာ သမ္မတရှီက အဆိုပြုထားသည့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုပဏာမခြေလှမ်းကို ထောက်ခံမည်ဖြစ်ကြောင်း ဟွန်မာနက်က ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံကပေးအပ်သည့် ရေရှည်ခိုင်မာသော ပံ့ပိုးကူညီမှုများကို တန်ဖိုးထားကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား ရရှိခဲ့သည့် အရေးကြီးသော သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ရန်နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ဂျပန်အစိုးရက ငလျင်ဒဏ်သင့် မော်ရိုကိုနိုင်ငံနှင့် ရေဘေးသင့် လစ်ဗျားနိုင်ငံတို့အတွက် အရေးပေါ်အကူအညီများ ပေးအပ်

တိုကျို စက်တင်ဘာ ၁၅

ဂျပန်နိုင်ငံသည် ငလျင်ဒဏ်သင့် မော်ရိုကိုနိုင်ငံနှင့် ရေဘေးသင့် လစ်ဗျားနိုင်ငံတို့အတွက် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်လျက်ရှိကြောင်း သိရသည်။

မော်ရိုကိုနိုင်ငံအတွက် ဂျပန်အစိုးရ၏ထောက်ပံ့ကူညီမှုသည် အမေရိကန်ဒေါ်လာ သုံးသန်း တန်ဖိုးရှိမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုက သတင်းထောက်များကို ပြောကြားသည်။



နေထိုင်စရာနှင့် စားနပ်ရိက္ခာများကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုက ပြောကြားသည်။

မော်ရိုကိုနိုင်ငံ၌ စက်တင်ဘာ ၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် လူပေါင်း ၂၉၀၀ ကျော် သေဆုံးခဲ့သည်။ အသက်ရှင်ကျန်ရစ်သူအများအပြားသည် ၎င်းတို့၏ နေအိမ်များ ဆုံးရှုံးခဲ့ရပြီး အကူအညီများ အရေးပေါ် လိုအပ်လျက်ရှိသည်။

လစ်ဗျားနိုင်ငံအတွက် ဂျပန်နိုင်ငံသည် ရွက်ဖျင်တဲများ၊ စောင်များနှင့် အခြားအရေးပေါ်ပစ္စည်းများကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ၏ အရှေ့ပိုင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်သူ ၈၀၀၀ ခန့် သေဆုံးခဲ့ရသည်။

ဂျပန်အစိုးရသည် မော်ရိုကိုနှင့် လစ်ဗျားပြည်သူများဘက်မှ ရပ်တည်လျက်ရှိကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

## တရားမဝင်ဆောင်ရွက်ချက်များကြောင့် အမေရိကန်သံတမန်နှစ်ဦးအား ရုရှားနှင်ထုတ်

မော်စကို စက်တင်ဘာ ၁၅

ရုရှားနိုင်ငံရှိ အမေရိကန်သံရုံးမှ သံတမန်နှစ်ဦးအား သံတမန်အဆင့်အတန်းနှင့်မလျော်ညီသည့် တရားမဝင်လုပ်ရပ်များကို ကျူးလွန်ခြင်းကြောင့် ပြည်နှင်ဒဏ်ပေးရန်ဆုံးဖြတ်ခဲ့ကြောင်း ရုရှားနိုင်ငံက ပြောကြားသည်။ ၎င်းပြစ်ဒဏ်ပေးမှုနှင့်ပတ်သက်၍ ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် လိုင်ထရေဆီအား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ခေါ်ယူအသိပေးခဲ့ကြောင်း သိရသည်။

အမေရိကန်သံရုံးမှ ပထမအတွင်းဝန် ဂျက်ဖရီဆီလင်းနှင့် ဒုတိယအတွင်းဝန် ဒေးဗစ်ဗန်စတိန်းတို့သည် ရုရှားနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်သည့်ပြစ်မှုကျူးလွန်မှုဖြင့် အရေးယူခံခဲ့ရသူ ရုရှားနိုင်ငံသား ရောဘတ် ရှော်နော့ဗ်အား ဆက်သွယ်၍ ရုရှားနိုင်ငံမှ နိုင်ငံတော်လျှို့ဝှက်ချက်များ ရယူရန် ကြိုးပမ်းကြောင်း တွေ့ရှိရသဖြင့် ရုရှားနိုင်ငံမှ ခုနစ်ရက်အတွင်း ထွက်ခွာရန် ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

ယခုကဲ့သို့ အခြားနိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များတွင် အမေရိကန်သံတမန်များက တရားမဝင်ဝင်ရောက်စွက်ဖက်ခြင်းသည် လက်မခံနိုင်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၄၀ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၅ | ၂၅၁၀ | ၂၄၉၅ | ၂၄၇၀ | ၂၅၇၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၈၅ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၅၅ | ၃၃၁၅ |
| 95 Ron | ၂၅၆၅ | ၂၆၁၅ | ၂၆၁၅ | ၂၅၇၅ | ၂၆၁၅ | ၂၆၃၅ | ၂၆၂၀ | ၂၆၀၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၀၅ | ၂၆၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၈၈၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၅၀ | ၂၇၀၀ | ၂၆၉၅ | ၂၆၆၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၅ | ၂၈၀၅ | ၂၈၀၀ | ၂၆၉၀ | ၂၇၀၀ | ၂၇၃၅ | ၂၇၃၅ | ၂၇၄၀ | ၂၉၇၀ | ၃၄၁၅ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၅ | ၂၈၁၅ | ၃၀၄၅ | ၃၄၇၅ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၅ | ၂၇၇၅ | ၂၇၃၅ | ၂၇၇၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၈၀ | ၂၈၇၅ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၀ | ၂၈၁၅ | ၂၈၁၅ | ၃၀၄၅ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၂၂ | ၂၄၀၂ |
| 95 Ron | ၂၄၄၆ | ၂၅၂၉ |
| HSD (500 ppm) | ၂၅၂၈ | ၂၆၀၈ |
| HSD (50 ppm) | ၂၆၀၂ | ၂၆၈၄ |
| HSD (10 ppm) | ၂၆၀၂ | ၂၆၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၉၄၁ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၄-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၉၄၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၅**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အကြိမ် (၂၀) မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်း အဝေး(20th AACC) သို့ တက်ရောက်ခဲ့သော ထိုင်း ဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot အား ကာကွယ်ရေးဦးစီး ချုပ်(လေ)က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြု တပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြ သည့် နှစ်နိုင်ငံအရာရှိများအား အပြန်အလှန် မိတ်ဆက်ပေးကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot က ဘုရင့်နောင်ရိပ်သာ ဧည့်သည်တော်မှတ်တမ်းစာအုပ် တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်သည် ထိုင်းဘုရင့်လေတပ် ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot နှင့် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေးခရီးစဉ် အပြန်အလှန်လည်ပတ် ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားစေလွှတ်ရေး ဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလေတပ်နှစ်ရပ်အကြား ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်စေရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ ရချိန် ကူညီကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာအချက်အလက် ဖလှယ်ရေးဆိုင်ရာကိစ္စ ရပ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ် (Humanitarian Assistance and Disaster Relief–HADR)ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူ များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြ သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ ထိုင်းဘုရင့် လေတပ်ဦးစီးချုပ် Air Chief Marshal Alongkorn Vannarot နှင့် ထိုင်းဘုရင့်လေတပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်အား Jasmine Hotel ရှိ ရောဝတီခန်းမ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ လေဆိပ်၌ တပ်မတော် (လေ)မှ အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**




# ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၏ (၂၂)ကြိမ်မြောက် စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၏ (၂၂)ကြိမ်မြောက် စီမံခန့်ခွဲ ရေးအဖွဲ့အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ကြီး (Southeast Asian Ministers of Education Organization – SEAMEO) ၏ အဖွဲ့ဝင်နိုင်ငံများတွင် ဆီမီယိုဒေသဆိုင်ရာဌာန ၂၆ ခုရှိသည့်အနက် မြန်မာနိုင်ငံ၌ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန (SEAMEO CHAT) ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ပညာ ရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အဆောက် အအုံ၊ အထောက်အပံ့နှင့် လုပ်ငန်းအစီအစဉ်များ လည်ပတ်နိုင်ရေးအတွက် ဘဏ္ဍာငွေများကို ပံ့ပိုးပေး လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးစံများ မပျောက်ပျက်စေရေးအတွက် အခြေခံ ပညာသင်ရိုးသစ်များတွင် အသိပညာပေးသင်ခန်းစာ များ ထည့်သွင်းသင်ကြားပေးလျက်ရှိပါကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်စေရန် မြန်မာ စာ၊ သမိုင်းနှင့် ပထဝီဝင် ဘာသာရပ်များကို အလေး ထား သင်ကြားပေးလျက်ရှိပါကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်စေပါကြောင်း၊ တိုင်းရင်းသားဒေသ များနှင့် ဝေးလံခေါင်ဖျားဒေသများပါမကျန် သက်ကြီး စာတတ်မြောက်ရေးအစီအစဉ်များနှင့် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းပြင်ပပညာရေး အစီ အစဉ်များကို အကောင်အထည်ဖော်ခြင်း၊ မူလတန်း များတွင် လိုအပ်သော တိုင်းရင်းသားဘာသာစကား များကို သင်ကြားခြင်း၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ဖြင့် ပိုမိုကောင်း မွန်သော လူမှုဘဝရရှိအောင် အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲသို့ ဆီမီယိုအတွင်းရေးမှူးချုပ်ရုံး စီမံခန့်ခွဲရေးနှင့် ဆက်ဆံရေးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး Ms. Pintip Lamnirath၊ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာနမှ ညွှန်ကြားရေးမှူးနှင့် ဆီမီယိုအဖွဲ့ဝင်နိုင်ငံများမှ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၅**

နေပြည်တော် စီမံကိန်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းသည် တာဝန်ရှိသူ များနှင့်အတူ ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ဇလောင်းကျေး ရွာအုပ်စု ဇလောင်း(တောင်) ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ၌ ကျင်းပသည့် လူသုံးကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် သည်။

**ဆွေးနွေးပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်က ယခုသင်တန်းအား ဇလောင်း(တောင်) စံပြကျေးရွာရှိ သင်တန်းသား ၁၀ ဦးဖြင့် ပထမ အကြိမ် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသားများထဲမှ အမှန် တကယ် လုပ်ငန်းလုပ်ကိုင်လိုသူ သင်တန်းသားများကို အောက်တို ဘာ ၆ ရက်မှ ၁၂ ရက်အထိ မွမ်းမံ သင်တန်း ထပ်မံသင်ကြားပို့ချပေး သွားမည်ဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် သင်တန်းဆင်းများ အနက် ထူးချွန်ပြီး အမှန်တကယ် လုပ်ငန်းပြန်လည်လုပ်ကိုင်မည့်သူ ငါးဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းနှင့်ညီမျှသည့် လိုအပ် သော ရင်းနှီးစက်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ် ကြောင်း၊ ဇလောင်း(တောင်)စံပြ ကျေးရွာ၌ နေထိုင်ကြသူများအနေ ဖြင့် မိမိတို့စံပြကျေးရွာမှ တစ်ပိုင် တစ်နိုင် စွန့်ဦးတီထွင်လုပ်ငန်းရှင် များ ပေါ်ထွက်လာပြီး အသေးစား စက်မှုလက်မှု လုပ်ငန်းငယ်များ မှသည် အလတ်စား၊ အကြီးစား စက်မှုလက်မှု လုပ်ငန်းများအထိ တက်လှမ်းနိုင်အောင် ကြိုးစား သွားကြရန်လိုကြောင်း ဆွေးနွေး ပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်က ကျေးလက် နေပြည်သူများ၏ ဝင်ငွေတိုးရေး စီမံကိန်း အကောင်အထည်ဖော် ရေးအဖွဲ့ဝင်များကို စီမံကိန်းဝတ်စုံ များ ပေးအပ်ခဲ့ပြီး ဇလောင်း (တောင်)ကျေးရွာ ဘုန်းတော်ကြီး ကျောင်း ဆရာတော် ဦးဇောတိက ထံ ဆွမ်းဆန်စိမ်း၊ ဆီနှင့် ဝတ္ထုငွေ များ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာ တောင်သူ ဦးထွန်းဝေ၏ ကွင်းအမှတ်-၁၈၈၅၊ ဦးပိုင်-၁၀၄ ဆင်းသုခ မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း အောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေး ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် စက်တင်ဘာ ၁၅**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ကိုးပေခန့်နှင့် ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော

## လူငယ်ရေးရာကဏ္ဍ

# ဗဟန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၅**

လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ရွှေနန်းယန်ခန်းမ၌ ကျင်းပသည်။



**ဟောပြော**

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီး "လူငယ်ဘဝ စွမ်းဆောင်ရည်ကို မြှင့်တင်ကြ" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးနိုင်က "လူငယ်နှင့် ပညာရေး"နှင့် စာရေးဆရာမ သင်းလဲ့လဲ့ထွန်းက "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်တို့ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ယင်းနောက် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနွယ်နီလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို တက်ရောက်လာကြသည့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# မိုင်းယုမြို့၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ကျင်းပ

**မိုင်းယု စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအားချာက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ Grade- 8 မှ မောင်ဇေယျာလင်း က "ကာယဗလနှင့် ဉာဏဗလ"၊ Grade-11မှ မမီထွန်းက "စာရိတ္တဗလ"နှင့် မောင်အာကာဖြိုးက "မိတ္တဗလနှင့် ဘောဂဗလ"ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် လူငယ်ဆိုင်ရာ စာအုပ်၊ စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**




# ပေါက်ခေါင်းမြို့နယ် အထက(အိုးဘိုကုန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**ပေါက်ခေါင်း စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက အထက(အိုးဘိုကုန်း)ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်သည့် ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ဦးဆောင်မိတ်ဆက်ပေးပြီး ဆွေးနွေးပွဲ စတင်ကျင်းပခဲ့ရာ လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် Grade-11(A)မှ မောင်ခန့်ဇော်သူကလည်းကောင်း၊ လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့် Grade-11(A)မှ မယဉ်မိုးအောင်ကလည်းကောင်း၊ လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် Grade-11(A) မှ မိုင်ဝင့်ရွှေရည်ကို ကလည်းကောင်း၊လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်ဖြင့်Grade-11(A)မှ မောင်ပိုင်စံထက်ကျော်ကလည်းကောင်း၊ လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် Grade(11)Aမှ ဆလိုင်းမိုးယံဦးကလည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများအပေါ် သိရှိလိုသည့်မေးခွန်းများကို ကျောင်းသား ကျောင်းသူများက မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။ အဆိုပါလူငယ်စကားဝိုင်းသို့ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

# မြဝတီမြို့၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ပြည့်စုံစေရေး လူငယ်စကားဝိုင်း ကျင်းပ



**မြဝတီ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးညီညီအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို စတင်ခဲ့ရာ ဦးစီးအရာရှိဒေါ်ဇာဖြူဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပေးပြီး Grade-11 မှ မသော်တာငြိမ်းက လူငယ်နှင့်စာပေ၊ မသင်းအိဇာထွေးက လူငယ်နှင့်ကျန်းမာရေး၊ မောင်အောင်သူရက လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မောင်စစ်သွေးက လူငယ်နှင့်အားကစား၊ မောင်ကျော်ရဲထွဋ်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက ကဏ္ဍအလိုက် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသပေးသည့် ဗဟုသုတဖြစ်ဖွယ် နံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ထိုးနှံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ယင်းမာပင် စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့တွင် အသက် ၉ နှစ်မှ ၁၂ နှစ်မကျော်သော မိန်းကလေးများအား စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ ကျောင်းအခြေပြု အစီအစဉ်ဖြင့်လည်းကောင်း၊ ၁၆ ရက်မှ ၂၇ ရက်အထိ ပြည်သူလူထုအခြေပြု အစီအစဉ်ဖြင့်လည်းကောင်း သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ယင်းမာပင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးအား သတ်မှတ်ထားသည့်ရက်အတွင်း အောင်မြင်စွာထိုးနှံနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးကြပ်-၁ ဦးလှိုင်မင်းသန်းက သားအိမ်ခေါင်းကင်ဆာရောဂါသည် ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးများတွင် စတုတ္ထမြောက်အဖြစ်အများဆုံးဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်သော အမျိုးသမီးများတွင် ဒုတိယမြောက်အဖြစ်အများဆုံး ကင်ဆာဖြစ်ကြောင်း၊ သားအိမ်ခေါင်းကင်ဆာရောဂါအားလုံးအနက် ၇၀ ရာခိုင်နှုန်းသည် HPV ပိုး အမျိုးအစား နှစ်မျိုးဖြစ်သော အမျိုးအစား ၁၆ နှင့် ၁၈ ကူးစက်ခံရခြင်းကြောင့်ဖြစ်ကြောင်း၊ HPVပိုးသည် မျိုးပွားလမ်းကြောင်းတွင် အဓိကကူးစက်တတ်သော ရောဂါဖြစ်ကြောင်း၊ HPV သည် အမျိုးအစားပေါင်း တစ်ရာကျော်ရှိပြီး ၎င်းတို့အနက် ၁၄ မျိုးသည် အန္တရာယ်များသော ဗိုင်းရပ်စ်ပိုးအမျိုးအစားဖြစ်ကြောင်း၊ HPV ပိုးသည် လိင်မှတစ်ဆင့် ဆက်ဆံခြင်း၊ အရေပြားချင်းထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်နိုင်ကြောင်း၊ ခုခံအားကျဆင်းနေသူများတွင် ပို၍လျင်မြန်စွာ ကင်ဆာဖြစ်ပွားမှုမြန်ဆန်ကြောင်း၊ HPV ပိုးကူးစက်ခံရသူအများစုတွင် ကူးစက်ခံရပြီး ရောဂါလက္ခဏာမပြဘဲ ကင်ဆာအဆင့်ရောက်မှသာ သိရှိရကြောင်း၊ HPV ကာကွယ်ဆေးကို အသက် ၉ နှစ်မှ ၁၂ နှစ်မကျော်သော မိန်းကလေးများအား စောစီးစွာထိုးနှံပေးခြင်းအားဖြင့် ခုခံအားစနစ်သည် ၈၅ ရာခိုင်နှုန်းအထိ အမြင့်မားဆုံး ရရှိနိုင်ကြောင်းနှင့်သတ်မှတ်ရက်များအလိုက် HPV ကာကွယ်ဆေး ထိုးနှံပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ထို့ပြင် ယင်းမာပင်မြို့တွင် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV)ကို ကျောင်းအခြေပြုအဆင့်တွင် ကျောင်းသူ ၉၄ ဦးအားလည်းကောင်း၊ ပြည်သူလူထုအခြေပြု၍လည်းကောင်း သတ်မှတ်စုရပ်များအလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပါဝင်ဆင်နွှဲ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ

## ဒေါက်တာသက်လွင်ဦး - MYANTRADE

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ဩဂုတ်လ ၁၆ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ (၇) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနဲ့ (၂၇) ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံအနေနဲ့ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ဆင်နွှဲခဲ့ပါတယ်။

### ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး

မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ အစောဆုံး သံတမန်ဆက်သွယ်ခဲ့တဲ့ နိုင်ငံတွေထဲမှာ တစ်ခု အပါအဝင်ဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်တွေနဲ့ ပြည်သူတွေအကြား ချစ်ကြည်ရင်းနှီးတဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြပါတယ်။ မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးမှာ ယူနန်ပြည်နယ်က အဓိကကျတဲ့ အခန်းကဏ္ဍက အစဉ်တစိုက်ပါဝင်ခဲ့ပါတယ်။ မြန်မာဝန်ကြီးချုပ် ဦးဗဆွေနဲ့ တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းတို့ ၁၉၅၆ ခုနှစ် ဒီဇင်ဘာလမှာ ယူနန်ပြည်နယ် မန်စီမြို့မှာ မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် စံကားဝါပင်ကို အတူတကွ စိုက်ပျိုးခဲ့ကြတာ ယခုဆိုရင် (၆၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါတယ်။

### ပထဝီအနေအထားအရအရေးပါမှု

မြန်မာ-တရုတ် နှစ်နိုင်ငံအနေနဲ့ နိုင်ငံတကာ မျက်နှာစာမှာ အခက်အခဲကြုံတွေ့တိုင်း အပြန်အလှန် ရိုင်းပင်းကူညီခဲ့ကြတဲ့ အိမ်နီးချင်းကောင်း မိတ်ဆွေ နိုင်ငံတွေဖြစ်ပါတယ်။ တရုတ်၊ တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသအတွင်း မြန်မာနိုင်ငံရဲ့ အရေးပါမှုကို ဒုတိယကမ္ဘာစစ်အတွင်း ဖောက်လုပ်အသုံးပြုခဲ့တဲ့ လီဒိုလမ်းမကြီးက သက်သေပြနေတာ တွေ့ရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ (၂၁) ရာစု ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနဲ့ BRI စီမံကိန်းတွေကို တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသအတွင်း မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ မဟာဗျူဟာမြောက် ချစ်ကြည်ရင်းနှီးတဲ့ ပူးပေါင်းဆောင်ရွက်မှုက အားဖြည့်ပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။

### တရုတ်-တောင်အာရှ ကုန်စည်ပြပွဲရဲ့ ဂုဏ်ထူးဆောင်နိုင်ငံ

ယခုလိုဒေသတွင်းမှာ ပထဝီအနေအထားအရ အရေးပါတဲ့ မြန်မာနိုင်ငံကို ကိုဗစ်ကာလအလွန် ပထမဆုံးအကြိမ်ကျင်းပတဲ့ (၇)ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲရဲ့ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ်ပါဝင်ဖို့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရက ဖိတ်ကြားခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကူမင်းမြို့မှာ ကျင်းပတဲ့ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနဲ့ တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲတွေမှာ နှစ်စဉ်ပါဝင်ပြသခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၈ ခုနှစ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲရဲ့ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်မှာ ဒုတိယအကြိမ် ပါဝင်ဆင်နွှဲခြင်းဖြစ်ပါတယ်။



၁၉၅၆ ခုနှစ်က ယူနန်ပြည်နယ် မန်စီမြို့၌ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးစတင်တည်ထောင်ခြင်း အထိမ်းအမှတ် ကျင်းပရာ မြန်မာဝန်ကြီးချုပ် ဦးဗဆွေနှင့် တရုတ်ဝန်ကြီးချုပ် မစ္စတာချူအင်လိုင်းတို့ တက်ရောက်ကြစဉ်။

### ထည်ဝါတင့်ဆန်း ဂုဏ်ထူးဆောင်နိုင်ငံပြခန်း

ဂုဏ်ထူးဆောင်နိုင်ငံပြခန်းဆောင်ကို မြန်မာ့ ယဉ်ကျေးမှုအနုပညာလက်ရာတွေဖြစ်တဲ့ မန္တလေး ရွှေနန်းတော်နဲ့ ပုဂံခေတ်ယဉ်ကျေးမှုတို့ကို အခြေခံ တည်ဆောက်ထားသလို ခေတ်မီဆန်းသစ်တီထွင်မှုတွေကို ထည့်သွင်းတည်ဆောက်ထားပါတယ်။ မြန်မာပြခန်းဆောင်မှာ နိုင်ငံရဲ့ ပို့ကုန်အလားအလာရှိ ထုတ်ကုန်တွေ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ၊ ဆွဲဆောင်မှုရှိတဲ့ ခရီးသွားနေရာတွေနဲ့ ယဉ်ကျေးမှု အမွေအနှစ်တွေကို ခင်းကျင်းပြသထားပါတယ်။ ဒ့ါအပြင် ကုန်စည်ပြပွဲရဲ့ဆောင်ပုဒ် (Theme)ဖြစ်တဲ့ Solidarity and Coordination for Common Development ကို အင်းလေးဒေသရှိအင်းသားတွေရဲ့ စုစည်းညီညွတ်မှုအင်အားနဲ့ စုပေါင်းလှော်ခတ်တဲ့ အင်းလေးလှေပြိုင်ပွဲခါတ်ပုံတွေနဲ့ ရည်ညွှန်းပုံဖော်ထားပါတယ်။ ပြပွဲကာလအတွင်း အနုပညာဦးစီးဌာနက အနုပညာရှင်တွေက မြန်မာ့ယဉ်ကျေးမှု အကအလှတွေနဲ့ ဖျော်ဖြေတင်ဆက်ပြီး မြန်မာနိုင်ငံရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဖော်ရွေပျူငှာမှုတွေကို ဒေသတွင်းနိုင်ငံတွေ ခံစားသိရှိနိုင်အောင် မိတ်ဆက်ပြသနိုင်ခဲ့ကြပါတယ်။

(၇)ကြိမ်မြောက် တရုတ် - တောင်အာရှကုန်စည်ပြပွဲရဲ့ ဂုဏ်ထူးဆောင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံပြခန်းဆောင်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနဲ့ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo တို့က ဖွင့်လှစ်ပေးခဲ့ပါတယ်။

### ကုန်စည်ပြပွဲဖွင့်ပွဲ

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနဲ့ (၂၇) ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် Mr. Wang Yi၊ သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် H.E Dinesh Gunawardena၊ လာအိုနိုင်ငံ ဒုတိယသမ္မတ H.E Pany Yathotu၊ နီပေါနိုင်ငံ ဒုတိယသမ္မတ H.E Ram Sahay Prasad Yadav၊ ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Tran Luu Quang တို့နဲ့အတူ အဖွင့်မိန့်ခွန်းပြောကြားပြီး ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးခဲ့ပါတယ်။

### ကုန်စည်ပြခန်းများခင်းကျင်းပြသ

(၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနဲ့ (၂၇)ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/ သွင်းကုန်ကုန်စည်ပြပွဲမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ မြန်မာကုန်သည်လုပ်ငန်းရှင်တွေက ကုန်စည်ပြခန်း ၃၅ ခန်းမှာ မြန်မာ့ထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ကော်ဖီ၊ လက်ဖက်၊ ပျားရည်နဲ့ အသင့်စားစားသောက်ကုန်တွေ၊ ရေထွက်ကုန်ပစ္စည်းတွေနဲ့ ကျောက်မျက်ရတနာတွေကို ငါးရက်ကြာ ခင်းကျင်းပြသရောင်းချခဲ့ကြပါတယ်။ ဒ့ါအပြင် မြန်မာကုန်စည်ပြခန်းကို လာရောက်ကြသူတွေကို မြန်မာ့ထုတ်ကုန်တွေဖြစ်တဲ့

**စာမျက်နှာ ၁၇ သို့** ✧





ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့နှင့်အတူ (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးစဉ်။

> **“မြန်မာနိုင်ငံအနေနဲ့ (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိခြင်းကြောင့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေ၊ ဖြစ်ပေါ်တိုးတက်မှုတွေနဲ့ သဘာဝအလှအပတွေကို ဖော်ထုတ်ပြသခွင့်ရရှိခဲ့ပါတယ်။ တရုတ်နိုင်ငံအတွင်း Social media တွေကနေတစ်ဆင့် ပျံ့နှံ့လျက်ရှိတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းမှားတွေကို တရုတ်သတင်းမီဒီယာတွေကနေတစ်ဆင့် အများပြည်သူတွေ သိရှိနားလည်အောင် ပြန်လည်ရှင်းလင်း ဖြေကြားပေးနိုင်ခဲ့ပါတယ်”**

# KNU တပ်မဟာ (၇) ဘားအံခရိုင်က NCA ကိုအခြေခံ၍နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာမည်ဟုဆို

**နေပြည်တော် စက်တင်ဘာ ၁၅**

ကရင်အမျိုးသားအစည်းအရုံး (KNU)တပ်မဟာ (၇) ဘားအံခရိုင်က NCA ကိုအခြေခံ၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာမည်ဟု စက်တင်ဘာ ၁၄ ရက်က ထုတ်ပြန်လိုက်သည်။ ယင်းထုတ်ပြန်ချက်ကို သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးသိစေရန် ရည်ရွယ်ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။ NCA ခေါ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးနှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာ နိုင်ရေးမှာ KNU ကရင်အမျိုးသားအစည်းအရုံး၏ တစိုက်မတ်မတ် တောင်းဆိုခဲ့ကြောင်းလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

NCA စာချုပ်ကို ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများရှေ့တွင် ချုပ်ဆိုထားခြင်းဖြစ်ကြောင်း၊ KNU ကရင်အမျိုးသားအစည်းအရုံးနှင့်မြန်မာအစိုးရကြား ဆန့်ကျင်တိုက်ခိုက်လာရသည့် အကြောင်းအရင်းသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ အဖြေမရှာဘဲ စစ်ရေးနည်းဖြင့် အဖြေရှာလာခြင်းမှ ဖြစ်ပေါ်လာရသော ပြဿနာကြီးကြောင့် ဖြစ်ကြောင်းလည်း ၎င်းတွင် ဖော်ပြထားသည်။ နှစ်(၇၀)ခန့် စစ်ပွဲအတွေ့အကြုံကို အခြေခံ၍ အဖြေရှာခဲ့ရာတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်တွေ့ဆုံ အဖြေရှာခြင်းသည်သာ အကောင်းဆုံးဖြစ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရရှိလာကြောင်း၊ ယင်းအပေါ် KNU ကွန်ကရက်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် လမ်းစဉ်တို့တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရန် အတိအလင်း ဖော်ပြထားပြီးဖြစ်ကြောင်းလည်း ဖော်ပြထားသည်။ KNU ကရင်အမျိုးသားအစည်းအရုံးမှ မိမိနိုင်ငံရေး ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်နိုင်ရေးသဘောထားများကို NCA စာချုပ်တွင် အခြေခံအားဖြင့် ထားရှိနိုင်ရေးအတွက် ထည့်သွင်းထားပြီးဖြစ်ကြောင်းလည်း ယင်းတွင် ဖော်ပြထားသည်။ NCA စာချုပ်ကို KNU ကရင်အမျိုးသားအစည်းအရုံးက တရားဝင်ပျက်ပျယ်ကြောင်း ထုတ်ပြန်ကြေညာခြင်းမရှိသည့်အပြင် တပ်မဟာ(၇)ဘားအံခရိုင်အနေဖြင့် နယ်မြေဒေသတည်ငြိမ်ရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် NCA ကို အခြေခံလျက် ပြည်သူ့အကျိုးကိုရှေးရှု၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ အဖြေရှာလာနိုင်ကြရေးအတွက် ဆောင်ရွက်သွားမည်ဟု (KNU) ဘားအံခရိုင် ဥက္ကဋ္ဌ ပဒိုစောအောင်မော်ဇ က ထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## ဟသ်ာတခရိုင် ရေဝင်ဒေသများရှိ တိရစ္ဆာန်များအတွက် ဖြည့်စွက်အစာအိတ်များ ထောက်ပံ့ပေးအပ်

**ဟသ်ာတ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ရေဝင်ဒေသများရှိ တိရစ္ဆာန်မွေးမြူသူတောင်သူများအား တိရစ္ဆာန်အစာများ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၃ ရက်က ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု အုန်းတောကျေးရွာရှိ အုန်းတောဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် ဟသ်ာတခရိုင်တိမွေးကုဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာ အောင်သူမျိုးက အုန်းတောကျေးရွာ၊ ဖောင်ဆိပ်ကျေးရွာ၊ တာငုတ်ကျေးရွာနှင့် ငှက်ပျောတောကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စုများမှ မွေးမြူထားသော ဝက်အကောင်ရေ ၁၈ ကောင်အတွက် ဝက်အစာအိတ် ၂၀ ကိုလည်းကောင်း၊ နွားနှစ်ကောင်အတွက် နွားအစာနှစ်အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် နွားအစာအိတ် ၄၀၊ ဝက်အစာ



၁၁၆ အိတ်တို့ကိုရရှိခဲ့၍ သဘာဝဘေးကျရောက်ရာ ဒေသများရှိ တိရစ္ဆာန်များအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေါက်တာ အောင်သူမျိုးနှင့် ဝန်ထမ်းများက အနီးပတ်ဝန်းကျင်ရှိရေဝင်ဒေသများမှ ဒေသခံပြည်သူများ မွေးမြူထားသော တိရစ္ဆာန်များအား ကွင်းဆင်း၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ကိုဇော် (ဟသ်ာတ)

## ကံမမြို့နယ်၌ ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံပြကွက်တွင် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးတောင်သူများနှင့် ဆွေးနွေး

**ကံမ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဆာဖိုးသာ မိုးစပါးဧက ၁၀၀ စံပြကွက်တွင် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ကျောက်မဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို တောင်သူများနှင့် ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက နွေပဲတီစိမ်း-မိုးစပါး-ဆောင်းမတ်ပဲ သီးနှံပုံစံတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရမည့်လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ဆွေးနွေးရာ တောင်သူများက သိရှိလိုသည်များကိုမေးမြန်းခြင်းအပေါ်ပြန်လည်ဖြေကြားပေးခြင်းနှင့် ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံပြကွက်တွင် လက်တွေ့ပြသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

✧ စာမျက်နှာ ၁၆ မှ

ကော်ဖီ၊ လက်ဖက်စို၊ ဆီးဖျော်ရည်နဲ့ စားသောက်ကုန်တွေကို မိတ်ဆက်ကျွေးမွေးပြီး ဈေးကွက်ရရှိရေးဆောင်ရွက်ခဲ့ကြပါတယ်။ ကုန်စည်ပြပွဲနဲ့ ဆက်စပ်အစီအစဉ်တွေမှာ မြန်မာနိုင်ငံက ကုန်သည်အသင်းအဖွဲ့တွေနဲ့ ကုန်သည်လုပ်ငန်းရှင် ၁၃၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

### စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုး

ကုန်စည်ပြပွဲမှာ ပါဝင်ပြသကြတဲ့ မြန်မာကုမ္ပဏီတွေနဲ့ အသင်းအဖွဲ့တွေအနေနဲ့ တရုတ်နိုင်ငံ ကူမင်းမြို့၊ ချုံချင့်မြို့နဲ့ ကွမ်ရှီးပြည်နယ်သုံးရှင်းမြို့ အခြေစိုက်ကုမ္ပဏီတွေနဲ့ ပို့ကုန်/ သွင်းကုန်လုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်း၊ လယ်ယာထွက်ကုန်၊ ရေထွက်ပစ္စည်းတွေနဲ့ပတ်သက်တဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်(၆)ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ မြန်မာလုပ်ငန်းရှင်တွေအနေနဲ့ သူတို့ရဲ့ ထုတ်ကုန်တွေကို အွန်လိုင်းကနေတစ်ဆင့် တရုတ်နိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချနိုင်ရေး တရုတ်လုပ်ငန်းရှင်တွေနဲ့ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

### သတင်းဌာနများနှင့် တွေ့ဆုံခြင်း

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက **ကူမင်းမြို့မှာ** China Media Group (CMG) **မြန်မာအစီအစဉ် သတင်းထောက်ကို လက်ခံတွေ့ဆုံပြီး** မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိတဲ့ Belt and Road Initiate (BRI) အပေါ် သုံးသပ်ချက်တွေကို ရှင်းလင်းဖြေကြားခဲ့ပါတယ်။ အလားတူ Phoenix ရုပ်သံဌာနမှ သတင်းထောက်နဲ့တွေ့ပြီး မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ အခြေအနေ၊ တရုတ်နိုင်ငံက လုပ်ငန်းရှင်တွေ မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံနိုင်မယ့်အခြေအနေတွေကို ရှင်းလင်းဖြေကြားခဲ့ပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံသူတွေ၊ ခရီးသွားတွေ မြန်မာနိုင်ငံကို လာရောက်ရေး ဖိတ်ခေါ်ခဲ့ပါတယ်။




(၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၏ ဂုဏ်ထူးဆောင်နိုင်ငံဖြစ်သည့် မြန်မာပြခန်းဆောင်ကို တွေ့ရစဉ်။

### အကျိုးရလဒ်များ

မြန်မာနိုင်ငံအနေနဲ့ (၇) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲမှာ ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိခြင်းကြောင့် **မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေ၊ ဖြစ်ပေါ်တိုးတက်မှုတွေနဲ့ သဘာဝအလှအပတွေကို ဖော်ထုတ်ပြသခွင့်ရရှိခဲ့ပါတယ်။ တရုတ်နိုင်ငံအတွင်း Social media တွေကနေတစ်ဆင့် ပျံ့နှံ့လျက်ရှိတဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ သတင်းမှားတွေကို တရုတ်သတင်းမီဒီယာတွေကနေတစ်ဆင့် အများပြည်သူတွေ သိရှိနားလည်အောင် ပြန်လည်ရှင်းလင်းဖြေကြားပေးနိုင်ခဲ့ပါတယ်။**

တရုတ်-မြန်မာ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအခြေအနေတွေနဲ့ ပတ်သက်လို့ တရုတ်မီဒီယာတွေကနေတစ်ဆင့် အသိပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ကုန်စည်ပြပွဲကာလအတွင်း **ပြည်ထောင်စုဝန်ကြီးဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့အနေနဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရ တာဝန်ရှိသူတွေနဲ့ အပြန်အလှန်နားလည်ယုံကြည်မှုရှိတဲ့ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ပါတယ်။**

ကုန်စည်ပြပွဲမှာ ပါဝင်တက်ရောက်ကြတဲ့ မြန်မာကုန်သည်လုပ်ငန်းရှင်တွေဟာ တရုတ်ကုန်သည်လုပ်ငန်းရှင်တွေနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်တွေ လက်မှတ်ရေးထိုးနိုင်ခဲ့ကြတဲ့အတွက် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေး ဆက်လက်ဆွေးနွေးညှိနှိုင်းနိုင်ကြမှာဖြစ်ပါတယ်။

နိုင်ငံတကာ ကုန်စည်ပြပွဲတွေမှာ ပါဝင်ပြသခြင်းက နိုင်ငံတကာနဲ့ ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာ့ထုတ်ကုန်တွေအတွက် ဈေးကွက်သစ်တွေ ရှာဖွေခြင်းမျှသာမဟုတ်ဘဲ **မြန်မာနိုင်ငံရဲ့ လူမှုရေးနဲ့ စီးပွားရေးကို ထင်ဟပ်စေတဲ့ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနဲ့ ခရီးသွားလာရေးစတဲ့ ကဏ္ဍစုံပါဝင်လွှမ်းခြုံတဲ့ အမိနိုင်ငံတော်ရဲ့ပုံရိပ်ကို နိုင်ငံတကာမျက်နှာစာမှာ မြှင့်တင်ပေးနိုင်ခဲ့**ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## (၂၄)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပဲခူး စက်တင်ဘာ ၁၅

(၂၄)ကြိမ်မြောက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြိုင်ပွဲတွင် ရွေးချယ်ခံရသူများအနေဖြင့် ပဲခူးတိုင်းဒေသကြီး၏ဂုဏ်ကို ဖော်ဆောင်ပေးနိုင်ရေးအတွက် စွမ်းရည်၊ ပါရမီများ သာလွန်ကောင်းမွန်အောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အကောင်းဆုံး လေ့ကျင့်ကြိုးစားပေးကြစေလိုကြောင်းနှင့် လိုအပ်သည်များ ထပ်မံပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့က ပထမဆုရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ တရားလွှတ်တော်တရားသူကြီးချုပ်ဒေါ်လွင်လွင်အေးကျော်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက အထူးဆုရရှိသူများ၊ ဒုတိယဆု ရရှိသူများ၊ တတိယဆု ရရှိသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက နှစ်သိမ့်ဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် ခရိုင်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့ကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင် ဆုရရှိသူများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ပြိုင်ပွဲဝင်ဘာသာရပ် ၇၉ မျိုးဖြင့် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပြိုင်ပွဲဝင်စုစုပေါင်း ၂၀၀ တို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ကဏ္ဍအလိုက် ဆုပေါင်း ၁၄၇ ဆုကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး စက်တင်ဘာ ၁၅

တောင်ကြီးခရိုင်၏ (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် (၂၄)ကြိမ်မြောက် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသက်ဦး၊ အဖွဲ့ဝင်(၃)ဦးထိန်လင်းသိန်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး(ကိုယ်စား) ရဲမှူးနေမျိုး၊ အဆိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့်ပြိုင်ပွဲဝင်များအား တောင်ကြီး ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်စန္ဒာအောင်၊ တောင်ကြီး နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်ထိုက်ထိုက်လွင်၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးနှင့် တောင်ကြီးခရိုင်ပညာရေးမှူး ဒေါ်ယဉ်မင်းစု၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့်ပြိုင်ပွဲဝင်များအား တောင်ကြီးခရိုင်၏(၂၄)ကြိမ်မြောက်ခရိုင် အဆင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီအတွင်းရေးမှူး ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးလွင်၊ တောင်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် တောင်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်မျိုးသန့်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးက (၂၄) ကြိမ်မြောက် ခရိုင်အဆင့်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ပြီး ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❂ ကျောဖုံးမှ

"ဒီလေယာဉ်က မလေးရှားနိုင်ငံကဖြစ်ပါတယ်။ ဒါကိုတစ်နှစ်ငှားရမ်းပြီးတော့ပျံသန်းမှာပါ။ တစ်နှစ် ငှားရမ်းရတဲ့အနေအထားကလည်း Cargo Market ကို ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ စတင်ဝင်ရောက်ပြီဆိုတာကို အသိပေးတာဖြစ်ပါတယ်။ ဒီတစ်နှစ်ကို ငှားရမ်းတဲ့အနေနဲ့ လုပ်ကိုင်ပြီးတော့ နောက်ပိုင်းမှာမှ ပျံသန်းရတဲ့ခရီးစဉ်တွေ၊ ရရှိတဲ့ ကုန်စည်နဲ့ လအလိုက်၊ Flight အလိုက် ဝင်တဲ့ ဝင်ငွေနဲ့ ပြန်တိုင်းတာပြီးတော့မှ ပြန်လည်ဆုံးဖြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာအမျိုးသားလေကြောင်းအတွက် ဒီလေယာဉ်က ပထမဆုံးဖြစ်ပါတယ်။ မြန်မာအမျိုးသားလေကြောင်းက စက်တင်ဘာ ၁၅ ရက် ဒီနေ့မှာ ၇၅ နှစ်ပြည့်တာဖြစ်လို့ ဒီလေယာဉ်ကို ဒီနေ့အရောက် ရန်ကုန်ကို ခေါ်ခဲ့တာဖြစ်ပါတယ်"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း စီးပွားရေးဌာနမှူး ဦးနိုင်စောလွင်က ပြောသည်။

### ကူးသန်းပြေးဆွဲသွားရန် စီစဉ်ထား

ယင်းကုန်တင်လေယာဉ်သည် ကုန်တန်ချိန်အားဖြင့် ၁၈ တန်အထိ သယ်ဆောင်နိုင်မည့်အပြင် ပုံမှန်လေကြောင်းခရီးစဉ်တွင် သယ်ဆောင်၍မရသော အန္တရာယ်ရှိကုန်စည်များလည်း ပို့ဆောင်နိုင်မည်ဖြစ်ပြီး ကုန်ပစ္စည်းသယ်ယူပို့ဆောင်သည့် ခရီးစဉ်များကို ပိုမိုချဲ့ထွင်ပျံသန်းပို့ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့မှ အခြေပြုကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိမြို့များ၊ စင်ကာပူမြို့၊ ဟောင်ကောင်မြို့နှင့် အိန္ဒိယနိုင်ငံတို့သို့ ကူးသန်းပြေးဆွဲသွားရန် စီစဉ်ထားကြောင်း မြန်မာအမျိုးသားလေကြောင်းမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ- လင်းရာမ

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thae Wai Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်ချမ်းသာရပ်ကွက်နေ သဲဝေလွင်(ခ) သဲသဲအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Mai Soe Sandar Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်ချမ်းသာရပ်ကွက်နေ မိုင်စိုးစန္ဒာထွန်းအား ညနေ ၅ နာရီတွင်လည်းကောင်း မကွေးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
## ရန်ကုန်မြို့
## X-Ray Baggage Scanner (၅)လုံးဝယ်ယူရန်အတွက်
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လက်ရှိလုံခြုံရေးအခြေအနေများနှင့်ကိုက်ညီသော X-Ray Baggage Scanner (၅)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများအနေဖြင့် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့်စည်းကမ်းချက် တစ်စုံလျှင် ငွေကျပ်-၂၅,၀၀၀/- နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ တာဝန်မှူးရုံးခန်းရှေ့တွင် (၁၆-၉-၂၀၂၃)ရက်နေ့မှ (၂၉-၉-၂၀၂၃) ရက်နေ့အထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ပိတ်တင်ဒါများအား (၃-၁၀-၂၀၂၃)ရက်နေ့ (၁၀:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖိတ်ခေါ်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

**ဦးကျော်မိုးလွင် [၁၂/လမန (နိုင်)၀၀၇၅၂၀] အမည်ပေါက်ပိုင်ဆိုင်သော -**

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ အမှတ် (၁၂/ခ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်(၆၁-ကံဘဲ့)၊ မြေကွက်အမှတ်(၇/ယ^၁/၃)၊ အကျယ်အဝန်း (အလျား၁၀၀ပေ x အနံ၆၀ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား၁၀၀ပေxအနံ ၄၀ပေ) ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်**နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိမှအမည်ပေါက်ပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းသောမြေကွက်ဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများ မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ -၄၂၀၀၅၇၄၉၈**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆ ရပ်ကွက်၊ အကွက်အမှတ် ၁၁-၁၇၊ ဦးပိုင်အမှတ်(၃၄)/၁၂၉ x ၁၃၀ ကြား၊ ၆၇လမ်း အနောက်ဘက်ရှိ ဦးကျော်တင့် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကျော်တင့်၊ မိခင် ဒေါ်နှင်းနှင်းအေးတို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်မြမြမိုး[၉/မနတ(နိုင်)၀၀၇၀၃၃၇]၊ ဒေါ်ခင်ဆွေဦး[၉/မနတ(နိုင်)၀၆၀၀၈၅]၊ ဦးကျော်မြင့်အေး[၉/မကခ(နိုင်)၀၀၇ ၅၆၂]၊ ဦးဇော်မင်းတင့်[၉/ပကခ(နိုင်)၀၀၇၅၆၄]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၁၊ ဦးပိုင်အမှတ်(၂)၊ တောဂရန်အမှုတွဲ အမှတ်(၃၂၂/၉၂-၉၃)နှင့် အကွက် ဖ-၁၊ ဦးပိုင်(၇)၊ တောဂရန်အမှုတွဲအမှတ်(၃၂၂/၉၂-၉၃)/အရ ၅၉ x ၆၀ လမ်းကြား၊ မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြားရှိ မြေကွက်များအား ဒေါ်ဝင်းမေ[၉/မနတ(နိုင်)၀၁၅၅၄၆]အမည်ပေါက်သို့ (၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့်ဂရန် အမှုတွဲအမှတ်တူနေခြင်းအား အမှန်ပြင်ဆင်ခွင့်ပြုပါရန် ဒေါ်ပြုံး[၉/မနတ(နိုင်)၀၇၈၀၄၉]မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် ၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၂+၁၅)/၁၁၁ လမ်းနှင့် ၆၄-B လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းမွန်း[၁၃/လခန(နိုင်)၀၃၀၀၉၈]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၆၆/၂၀၂၃)နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၆၇/၂၀၂၃)တို့ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချမ်းမြေ့စွမ်းရည်[၁၃/လရန(နိုင်)၁၃၁၈၀၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆ဂျေ၊ မြေကွက်အမှတ်-၁၁၃အက်ဖ်/၁အေ၊ ဧရိယာ(၀.၁၃၃)ဧက မြေကွက်တည်နေရာ-အမှတ်-(၁၂) ကမ္ဘောဇလမ်း (အတွင်းလမ်း)၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ မနုကြည်(စီအီး-၀၅၁၃၂၈)၊ အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက်ဒေါ်နုနုခင်(ခ)ဒေါ်နုကြည် [၁၂/ဗဟန(နိုင်) ၀၅၅၆၁၅၊စီအီး-၀၅၁၃၂၈] ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၄၁၇၃/၂၀၂၃(၉-၆-၂၀၂၃)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ဇာခြည်အောင်(ခ) ဇင်နွယ်မြင့် [၁၂/လသန(နိုင်) ၀၁၈၇၄၈] ထံမှ အထူးကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ်- ၁၀၃၂၁/၂၀၂၃ (၆-၆-၂၀၂၃)ရရှိသူ ဦးထက်လင်းအောင် [၁၂/ကမရ(နိုင်)၀၆၃၃၀၆]မှ အမည်ပေါက် အပိုင်ပေးစာချုပ်အမှတ်-၃၁/၁၉၈၄(၃-၂-၁၉၈၄) မိတ္တူမှန် အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း မရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် မှတ်ပုံတင်အမှတ်-၉၀၆/၂၀၂၃(၆-၇-၂၀၂၃) ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်၊ ခွဲစိတ်တိုင်းတာသည့်မြေပုံ၊ အထူးကိုယ်စားလှယ်လွှဲစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်းကြော်ငြာခြင်း

Su Pan Thiri Mining Co.,Ltd ၏ဘဏ်စာအုပ် (မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB) ဘဏ်စာရင်းအမှတ် FDS 10-2019 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ဖုန်း-၀၉-၉၇၈၇၇၆၃၀၈,၀၉-၄၂၁၀၁၁၅၃၅ သို့ဆက်သွယ်အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူကျော် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၅၁၄/၇-၂-၁၁)**
**အမှတ်(၁၀၈၁)၊ ရှုခင်းသာလမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-799948893**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၂၀)
### တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
### ၂၀၂၃-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၁

| | | |
|---|---|---|
| **ဦးမိုးဝင်းအောင်** | နှင့် | **၁။ ဦးကျော်ဝင်း** |
| | | **၂။ ဒေါ်တင်အေး** |
| **( တရားလို )** | | **( တရားပြိုင်များ )** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ(၂၀)လမ်း၊ အမှတ်(၉၄၀/က)နေ **ဦးကျော်ဝင်း၊ ဒေါ်တင်အေး** (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလိုက **ပဋိညာဉ်အတိုင်း မြေနှင့်အိမ်ရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃-ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက်၊ (၁၃၈၅-ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃-ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ပန်းခြံစုအရှေ့လမ်း၊ အမှတ်(၄၀၈)နေ ဦးအောင်စိုး [၁၂/အစန(နိုင်) ၀၂၁၆၇၆] နှင့် ဒေါ်လှလှညို [၁၂/အစန(နိုင်)၀၂၁၆၇၈] တို့၏ သားဖြစ်သူ မောင်သူရအောင် [၁၂/အစန(နိုင်)၂၅၈၈၁၇] ကိုင်ဆောင်သူသည် ဖခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏စိတ်ဆန္ဒအတိုင်း နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးအောင်စိုး**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခိုင်ဇင်လှဲ့ [၁၂/မရက(နိုင်)၀၅၈၉၀၀]နှင့် ဒေါ်ကေဇင်ခိုင် [၁၂/မရက(နိုင်)၁၁၁၀၄၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ခိုင်ဇင်လှဲ့နှင့် ဒေါ်ကေဇင်ခိုင်တို့သည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေထိုင်သူများ ဖြစ်ပြီး၊ ညီအစ်မများ ဖြစ်ကြပါသည်။ ၎င်းတို့ညီအစ်မ(၂)ဦးသည် အသက်(၈၁)နှစ်ရှိပြီးဖြစ်သော မိခင်ဖြစ်သူ ဒေါ်နီနီခိုင်အား အတူနေပြုစုစောင့်ရှောက်လျက်ရှိပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ခိုင်ဇင်လှဲ့နှင့် ဒေါ်ကေဇင်ခိုင်တို့၏ ဂုဏ်သိက္ခာ ကျဆင်းစေရန်၊ ထင်ယောင် ထင်မှားဖြစ်စေရန် တမင်ရည်ရွယ်၍ မဟုတ်မမှန်သည့် အကြောင်းအရာများဖြစ်သော မိခင်ဒေါ်နီနီခိုင်၏ လက်ဝတ်ရတနာအချို့တို့ကို အပိုင်စီးယူထားသည်ဟုလည်းကောင်း၊ မိခင်အတွက် ကုန်ကျစရိတ်များကို စာရင်းပိုပြထားသည်ဟုလည်းကောင်း၊ ပြောဆိုနေခြင်းများ ပြုလုပ်နေသည်ကို တွေ့နေရပါသည်။ (ခိုင်လုံသော အထောက်အထားများလည်း ရရှိထားပြီး ဖြစ်ပါသည်။)

သို့ဖြစ်ပါ၍ ထိုကဲ့သို့ရေးသားခြင်း၊ ပြောဆိုခြင်းအား လူမှုကွန်ရက်စာမျက်နှာမှဖြစ်စေ၊ ပြင်ပ၌ ဖြစ်စေ၊ မည်သို့သောအကြောင်းကြောင်းနှင့်မျှ မပြုလုပ်ပါရန် နောက်နောင်ပြုလုပ်ပါက ထိုသို့ပြုလုပ်သူကို (နာမည်ဂုဏ်သိက္ခာကျဆင်းစေမှု၊ အသရေပျက်စေမှု၊ ဆက်သွယ်ရေးဥပဒေအရဖြစ်စေ၊ ရာဇဝတ်အကြောင်းအရဖြစ်စေ၊ တရားမအကြောင်းအရဖြစ်စေ) တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုဝေဖြိုး (LL.B,D.I.PL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၉၉)**
**ဖုန်း-၀၉-၅၀၉၈၇၀၃၊ ၀၉-၄၂၁၀၀၆၉၀၅**

| | |
|---|---|
| **ဒေါ်နီနီဇော်(LL.B,D.B.L)** | **ဒေါ်သဉ္ဇာဝင်း (LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆)** |
| **ဖုန်း-၀၉-၄၂၀၀၂၅၂၉၆** | **ဖုန်း-၀၉-၄၂၁၆၅၉၂၄၄၊၀၉-၂၆၂၄၇၇၃၃** |

**အခန်းအမှတ် (၃၀၄)၊ အမှတ်(၆၉-ကွန်ဒို)၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အ.ထ.က(၂) Grade-11(B)တွင် ပညာသင်ကြားနေသော မထက်ထက်အောင်၏ ဖခင်အမည်မှန်မှာ မန်းသိန်းမင်းသောင်း [၃/ကကရ(နိုင်)၀၀၈၁၇၅]ဖြစ်ပါကြောင်း။

**မန်းသိန်းမင်းသောင်း**
**[၃/ကကရ(နိုင်)၀၀၈၁၇၅]**

### ပတ်စ်ပို့ပျောက်

ဆရာတော် ဦးကောဝိဒ သာသနာဝင်အမှတ်-[၁၄/မအပ(သ)၀၀၁၀၉၄]၏ ပတ်စ်ပို့နံပါတ် (MB-612413) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-792190043**

### အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ကွင်းနှင့်အမည်-ကွင်းပြင်၊ မြို့နှင့်အကွက်နံပါတ်-မင်းတံတားကွက်သစ်အရှေ့၊ မြေကွက်အမှတ် (၄၄)၊ ဧရိယာ (၀.၀၅၆)ဧကရှိမြေစာရင်းပုံစံ (၁၀၅)အရဦးတင်သိန်း(NTU-၀၇၄၀၁၃) [၁၂/ရကန(နိုင်)၀၂၆၃၆၃]အမည်ပေါက် (၁၀)နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အမည်ပေါက်ပိုင်ရှင် ဦးတင်သိန်း၏သားဖြစ်သူ ဦးညီညီသိန်းမသိရှိဘဲ General Power, Special Power ကိုယ်စားလှယ်လွှဲစာများ၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်များ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် အာမခံတင်သွင်းထားခြင်း၊ တရားတစ်ထုံးစွဲထားခြင်း၊ မည်သည့်နည်းနှင့်မျှမဆို စာချုပ်ချုပ်ဆိုပေးခြင်းများ မပြုလုပ်ရန်၊ မြေပုံမြေရာဇဝင်ရေးကူးမပေးပါရန်နှင့် အကယ်၍ ကျွန်ုပ်၏မိတ်ဆွေဦးညီညီသိန်းသိရှိခြင်းမရှိပါဘဲ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေသီထွန်း(စဉ်-၄၄၂၅၁)**
**LL.B, DBL, DPM (Cambridge), WIPO (SWITZERLAND)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၇၃၉၅၄၉၃၁၊ ၀၉-၄၄၃၀၃၇၁၆၂**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

